# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေသည် သစ်၊ ဝါးဖြင့် ဆောက်လုပ်သည့် အဆောက်အအုံများမှအပ မြန်မာနိုင်ငံ ဆောက်လုပ်မှုကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးနှင့် သက်ဆိုင်သော အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်စေရမည်။

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆောက်လုပ်မှုကဏ္ဍ** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည့်ကဏ္ဍကို ဆိုသည်။ ယင်းစကားရပ်တွင် နည်းပညာ၊ စီမံခန့်ခွဲမှု၊ အကောင်အထည်ဖော်ရန်နည်းလမ်း၊ တည်ဆောက်မှုလုပ်ငန်းလိုအပ်ချက်များ ဖြည့်တင်းခြင်း၊ လုပ်ငန်းစီမံကိန်း မစတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ တည်ဆောက်မှုလုပ်ငန်းစဉ်၊ ပါဝင်ဆောင်ရွက်သူများ၊ တည်ဆောက်သည့် လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း၊ တည်ဆောက်ရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❒

## ပင်းတယမြို့နယ်၌ ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပင်းတယ ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ရှည် ကျေးရွာအုပ်စု သပြေကုန်း ကျေးရွာမျိုးစေ့ခြံတွင် စိုက်ပျိုးထားသည့် ဆောင်းနေကြာ မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန ပင်းတယမြို့နယ်အနေဖြင့် မြို့နယ်အတွင်း စားသုံးဆီ ဖူလုံနိုင်စေရန်အတွက် အထွက်နှုန်း တိုးတက်စေရေး၊ အပင်ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်စွာ အသုံးချတတ်နိုင်စေရန်အတွက် တောင်သူများအား အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး ပင်းတယမြို့နယ်အတွင်း နေကြာမျိုးစေ့များ လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန်အတွက်ရည်ရွယ်၍ ယခုနှစ် ဆောင်းရာသီ ရေဆင်းစပ်မျိုး

*စာမျက်နှာ ၃ ကော်လံ ၅* ❂



ပင်းတယမြို့နယ်၌ ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

### ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဓာတုဗေဒဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆)နှင့် (၁၇)တွင် ဖော်ပြထားပါသည်။


### ယနေ့ ဖတ်စရာ

■ ဆောင်းပါး

MSME (**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း) များ၏အစ** — စာမျက်နှာ ၆

■ နိုင်ငံတကာသတင်း

**အာကာသပြင်ပ ဒေတာစင်တာများ တည်ဆောက်ရန် xAI ကို အသုံးပြုသွားမည်ဟု SpaceX စီအီးအို အီလွန်မတ်စ် ပြော** — စာမျက်နှာ ၁၈

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ငလျင်ဒဏ်သင့်ပြုပြင်ထိန်းသိမ်းမှုများစစ်ဆေး၊ ဓာတ်လှေကားနှစ်စင်း အသစ်လှူဒါန်းပွဲနှင့် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်အတွင်းရှိ ဘိုးမင်းချမ်းသာစေတီတော်ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်(၁) ဦးထွန်းထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရင်ပြင်တော်ကြံ့ခိုင်ရေး လုပ်ငန်းများ၊ မြေထိန်းနံရံကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။


ကြည့်ရှုစစ်ဆေးစဉ် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများနှင့်ပတ်သက်၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်(၁)ဦးထွန်းထွန်းက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စေတီတော်လိုဏ်အတွင်း၌ ကျင်းပသော ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်လှေကားနှစ်စင်း အသစ်တပ်ဆင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အလှူရှင်များက စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်းရေချမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ စီစဉ်မှုဖြင့် Aeon Co.,Ltd. (Japan) မှ အသင်းသား အသင်းသူများ၊ အလှူရှင်များကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဦးဆန်းလင်းက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားနှစ်စင်း အသစ်တပ်ဆင်ရန်အတွက် အလှူငွေ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှ ဦးဆန်းလင်း၊ ဦးတင်ကိုကိုနှင့် ဦးအောင်ကြည်စိုးတို့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားနှစ်စင်း အသစ်တပ်ဆင်ရန်အတွက် အလှူငွေလှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းကြည်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘိုးမင်းချမ်းသာစေတီတော် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပသော ဘိုးမင်းချမ်းသာစေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံ ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ စီစဉ်မှုဖြင့် ဂျပန်နိုင်ငံအခြေစိုက် Aeon Co.,Ltd. မှ အလှူရှင်များကိုယ်စား အလှူရှင် ဦးဆန်းလင်းက လှူဒါန်းမှုများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးဆန်းလင်း၊ ဦးတင်ကိုကိုနှင့် ဦးအောင်ကြည်စိုးတို့က မဟာဝိဇိတာရုံကျောင်းတိုက်အတွင်းရှိ ဘိုးမင်းချမ်းသာဘုရား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းရာ သာသနာရေးဦးစီးဌာန နေပြည်တော်သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်တို့က အလှူငွေများ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိဿရက ကျေးဇူးတင်ကြောင်း မိန့်ကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် တက်ရောက်ပါဝင်ဆင်နွှဲမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။



တွေ့ဆုံပွဲသို့ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများ၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများ ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မြဲစေရန်၊ ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် မြှင့်တင်နိုင်ရန်အတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် စည်းစည်းလုံးလုံးဖြင့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက် ပါဝင်ဆင်နွှဲလာကြသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များသည် နေပြည်တော်သို့ ရောက်ရှိနေစဉ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခြင်းနှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်သည်။

တွေ့ဆုံပွဲ အပြီးတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ သွားရောက်၍ စားသောက်ဆောင်များ၊ အိပ်ဆောင်များ၊ ဆပ်ကော်မတီရုံးခန်းများ၊ ဈေးဆိုင်များ ခင်းကျင်းရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယမန်နေ့က မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် နေပြည်တော်မြို့မဈေးသို့ သွားရောက်၍ မြို့မဈေး (A၊ B၊ C၊ D) ရုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**❂ ရွှေ့ဖုံးမှ**

နေကြာ-၁ (မျိုးစေ့ထုတ်) စိုက်ခင်း ဂဖ ဒသမ ဂဂ ဧကကို အောက်တိုဘာလ ၂၄ ရက်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးနည်းစနစ်မှာ Rလိုင်း-၁-Aလိုင်း-၃ စနစ်ဖြင့်စိုက်ပျိုးခဲ့ကြောင်းနှင့် ရရှိလာသည့် နေကြာမျိုးစေ့များအား တောင်သူများကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ယမန်နေ့က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးရုံး ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ (Agro-Based Industries) ကို အားပေးမြှင့်တင်ရန် ခိုင်မာသည့်မူဝါဒများ ချမှတ်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထိုသို့ ကုန်ထုတ်လုပ်ငန်းများ အပြည့်အဝ လည်ပတ်နိုင်ရေးအတွက် အဓိကလိုအပ်သည့် အခြေခံ အဆောက်အအုံသည် လျှပ်စစ်ဓာတ်အား ဖြစ်သည့်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ ထုတ်လုပ်ပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး အလေးထား စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ လက်ရှိတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသည့် အရင်းအမြစ်အလိုက် တပ်ဆင်အင်အားများမှာ ရေအားလျှပ်စစ်စက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၄ ရုံ၊ ကျောက်မီးသွေးသုံးစက်ရုံ နှစ်ရုံ၊ နေရောင်ခြည်သုံးစွမ်းအင်စက်ရုံ ၁၂ ရုံ စုစုပေါင်းတပ်ဆင်စက်အင်အားမှာ ၆၇၂၅ မဂ္ဂါဝပ် အထိရှိပြီး စက်စွမ်းအားပြည့်မောင်းနှင်နိုင်ပါက ၄၀၀၀ မဂ္ဂါဝပ်ခန့်အထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သောအခြေအနေ ဖြစ်သော်လည်း အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုများနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု တဖြည်းဖြည်း လျော့နည်းခဲ့ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ်ကျော်မှာ လျော့နည်းထုတ်လုပ်ရရှိသဖြင့် တစ်ရက်လျှင် ၃၀၀၀ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ခဲ့ပြီး အချို့နေရာများတွင် အချိန်ပိုင်း အလှည့်ကျစနစ်ဖြင့်သာ ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများနှင့် ခွဲရုံများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ LNG မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ဈေးနှုန်း ကြီးမြင့်သော်လည်း လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးစက်မှုဇုန်များမှ အချိန်ပြည့် ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ အချိန်တိုအတွင်းရရှိမည့် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ LNG စီမံကိန်းကို ၂၀၂၃ ခုနှစ် မတိုင်မီကတည်းက LNG to Power ထုတ်လုပ်ပြီး စက်မှုဇုန်များသို့ ပေးရန်လျာထား ဆောင်ရွက်ခဲ့ပြီး ၅၀၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံ စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှစ၍ ယင်းစက်ရုံမှ ဓာတ်အား ၅၀၀ မဂ္ဂါဝပ်ကို စတင်ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း၊ LNG ဖြင့် ထုတ်လုပ်ခြင်းမှာ ကုန်ကျစရိတ်မြင့်မားသော်လည်း စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုများ အရှိန်အဟုန်မပြတ်စေရန် ရည်ရွယ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် "LNG to Industry" ကို အထူးအလေးပေးဖော်ဆောင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေကို ဆက်လက်ထိန်းသိမ်းရန်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကုန်ကျစရိတ် မျှတစေရန်အတွက် စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ "စီးပွားရေးနှုန်းထား (Economic Rate)" တစ်ခု သတ်မှတ်ပြီး ယခု ဖေဖော်ဝါရီလ အသုံးမှစ၍ ဓာတ်အားခနှုန်းထား သစ် ၉၀၀ ကျပ်ဖြင့် ကောက်ခံသွားမည် ဖြစ်သည့်အတွက် ဇန်နဝါရီလ အသုံးယူနစ်များကို မီတာဖတ်သူနှင့် သုံးစွဲသူ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးသွားရန် လိုအပ်ပါကြောင်း၊ ဓာတ်အားခနှုန်းထား တိုးမြှင့်သွားသော်လည်း လုပ်ငန်းရှင်များအတွက် ခိုင်မာသောစွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှု ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးခြင်း ဖြစ်ပါသဖြင့် စီးပွားရေး လုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့လုပ်ငန်းများ အောင်မြင်စွာ တိုးချဲ့ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူလူထု သုံးစွဲနေသော ဓာတ်အားခနှုန်းထားများ အနေဖြင့် ယခင်နှုန်းထားအတိုင်း ဖြစ်ပါကြောင်း၊ ယခင်စက်မှုလုပ်ငန်းများတွင် သုံးစွဲခဲ့သည့် ဓာတ်အားများကို ပြည်သူလူထုမှ ပိုမိုသုံးစွဲနိုင်မည် ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းရှင်များမှ အားလုံးလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း အဓိကစက်မှုဇုန်များ၏ အခြေအနေ၊ စက်မှုလုပ်ငန်းရှင်များအတွက် ခိုင်မာသောစွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှု ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် LNG မှ ဓာတ်အားထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု၊ အခက်အခဲများ၊ လက်ရှိဓာတ်အားထုတ်လုပ်နေမှု၊ အကြမ်းဖက် သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် မဟာဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်မှု၊ LNG to Power ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ၅၀၀ မဂ္ဂါဝပ် စတင်ထုတ်လုပ်နိုင်မှုအရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်၊ စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများသို့ ဓာတ်အားဖြန့်ဖြူးပေးမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ သတ်မှတ်နှုန်းထားအသစ်ဖြင့် ဓာတ်အားခ ကောက်ခံဆောင်ရွက်မည့် အခြေအနေနှင့် ဓာတ်အားခ တိုးမြှင့်ကောက်ခံမှုအပေါ် အားသာချက်/အားနည်းချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၂) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲတွင် "အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ရရှိနိုင်ရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ၏အရေးပါမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၅၂) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို "အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ရရှိနိုင်ရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ၏ အရေးပါမှု" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံ၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးစုံကို ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်နိုင်သော အခြေခံကောင်းများရှိကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၏ အရည်အသွေးကောင်းမွန်စေရေးအတွက် စိုက်ခင်းများထဲတွင် စနစ်တကျ စီမံဆောင်ရွက်ရန်နှင့် ရိတ်သိမ်းပြီးနောက်ပိုင်း လုပ်ငန်းများတွင်လည်း ဂရုတစိုက်ဆောင်ရွက်နိုင်ကြရန် ယနေ့ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်၍ ပညာရှင်များအနေဖြင့် ဌာနတစ်ခုစီ သီးခြားရိတ်ချိန်လွန်နည်းပညာရပ်အား သုတေသနပြု ဖော်ထုတ်နေကြမည့်အစား တက္ကသိုလ်သုတေသနဌာန-နည်းပညာပြန့်ပွားရေးဌာနတို့ပူးပေါင်း၍ ကွန်ဆော်တီယမ် (Consortium) အနေဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထုတ်လုပ်သူ၊ ရောင်းချသူ၊ စားသုံးသူများ ပါဝင်သော သုတေသနများလုပ်ရန်လိုကြောင်း၊ သုတေသနရလဒ်များကို ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးရှိရှိအသုံးချသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် (၅၂)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်များက ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ လေလွင့်ဆုံးရှုံးမှုများကို လျှော့ချရန်ပြုလုပ်ခဲ့သည့် သုတေသနများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် သုတေသနများ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ လက်ရှိ ထုတ်လုပ်မှုနှင့် အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများရရှိနိုင်ရန် ရိတ်သိမ်းချိန်လွန်နည်းပညာများ၏ အရေးပါမှုနှင့် အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများရရှိနိုင်ရန် ဆောင်ရွက်နေသည့် ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ ရိတ်သိမ်းပြီးနောက်ပိုင်း စီမံခန့်ခွဲမှုအားနည်းခြင်းကြောင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၌ ညစ်ညမ်းစေနိုင်သည့်အကြောင်းရင်းများနှင့် GAP နှင့် အော်ဂဲနစ်စနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ရာ၌ ရိတ်သိမ်းချိန်လွန်နည်းပညာများကို မှန်ကန်စွာအသုံးပြုရမည့် နည်းလမ်းများ၊ ကုန်ကျစရိတ်သက်သာပြီး ထိရောက်ရိုးရှင်းသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံဆိုင်ရာ ရိတ်သိမ်းချိန်လွန်နည်းပညာများနှင့် သီးနှံထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းဖြင့် တောင်သူများ၏ဝင်ငွေကို တိုးစေခြင်းအကြောင်းအရာများကို တင်ပြဆွေးနွေးကြရာ အခမ်းအနားတက်ရောက်လာကြသည့် ဦးစီးဌာနများမှဝန်ထမ်းများ၊ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ကြသည့် တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အကြံပြုသုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

**ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က နိုင်ငံတော်၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလေးပေးမှာကြား၍ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှစ၍ ကျန်းမာရေးဝန်ထမ်းများအား ပညာရှင်ထောက်ပံ့ကြေး၊ ဘွဲ့လွန်ထောက်ပံ့ကြေး၊ ဘေးအန္တရာယ်ရှိနိုင်မှုအတွက် ထောက်ပံ့ကြေး (Risk allowance)၊ ဆေးရုံညတာဝန်ကျ ထောက်ပံ့ကြေး (Night duty allowance) စသည်တို့ကို ချီးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အမည်ပြောင်းလဲသတ်မှတ်ကာ အဆင့်မြှင့်တင်ရန် စီစဉ်ခြင်းတို့ကို တိုးမြှင့်ပေးအပ်ရန် စီစဉ်ပေးခြင်းတို့ကို အသိအမှတ်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူ့ဆေးရုံများတွင် ခေတ်နှင့်အညီ ရောဂါရှာဖွေ ဖော်ထုတ်ခြင်း၊ ကုသခြင်း လုပ်ငန်းစဉ်များကို နိုင်ငံတကာနည်းစနစ်များနှင့် လိုက်လျောညီထွေ ခေတ်မီစေရေးကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို စွမ်းရည်မြှင့်တင်ခြင်း၊ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သည့်စက်ပစ္စည်းများကို အသစ်တပ်ဆင်ခြင်း၊ ဆေးရုံများ၏ ဥပဓိရုပ်ကောင်းမွန်စေရေး၊ ဆေးရုံအင်္ဂါရပ်များနှင့် ညီညွတ်စေရေး၊ လိုအပ်ချက်ရှိသည့်ဆေးရုံများတွင် လူနာဆောင်များတိုးချဲ့ တည်ဆောက်ရေး၊ ကျန်းမာရေးဝန်ထမ်းများနေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းတည်ဆောက်ရေး စသည့်လုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ပံ့ပိုးပေးမှုနှင့်အတူ မျက်ခြည်မပြတ် ဆန်းစစ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဆရာဝန်(သစ်လွင်) စုစုပေါင်း ၂၆၃၃ ဦး၊ သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) စုစုပေါင်း ၃၅၂ ဦး၊ BNSc (သူနာပြုသိပ္ပံဘွဲ့)ရ ၄၄၇ ဦး၊ သူနာပြုဒီပလိုမာဘွဲ့ရ ၅၈၉၉ ဦး၊ သားဖွားဒီပလိုမာဘွဲ့ရ ၁၈၅ ဦး၊ အကူသူနာပြု ၃၁၇၇ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ရ ၂၃၇ ဦး၊ ဆေးဘက်နည်းပညာဘွဲ့ရ ၅၃၈ ဦး၊ ကျွမ်းကျင်အဆင့်(၄) ဝန်ထမ်း ၃၁၅၀ တို့ကို ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပါကြောင်း။




မိမိတို့၏ Professional Career တိုးတက်မြင့်မားစေရေးအတွက် သတ်မှတ်ကာလ ပြည့်မြောက်သည်နှင့် ဘာသာရပ်အလိုက် ဘွဲ့လွန်ဝင်ခွင့်သင်တန်းစာမေးပွဲများ ဝင်ရောက်ဖြေဆိုခွင့်ပြုထားသည့်အပြင် နိုင်ငံတကာအသိအမှတ်ပြု စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုခွင့်ပြုထားပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ ကျင့်ကြံနေထိုင်ရင်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ဆောင်ရွက်ကြစေလိုကြောင်းမှာကြားသည်။

ထို့နောက်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါအခမ်းအနားတွင် ဆရာဝန်(သစ်လွင်) ၁၆ ဦး နှင့်သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်) ၁၁၀ တို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေးပြခန်း နေရာချထားရေးနှင့် ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေးပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေး၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီး၊ ပြခန်းနေရာချထားရေး အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြပွဲတွင် ပြခန်း များပြသကြမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် တိုင်းဒေသကြီး ပြည်နယ်တာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက ကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကို အခြေခံ၍ MSME လုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကို လျှော့ချရေးနှင့် အစားထိုးနိုင်ရေး ဆောင်ရွက်ရန်၊ ပြည်တွင်းစီးပွားရေး ကောင်းမွန်စေရေးနှင့် အလုပ်အကိုင်ပေါ်များစေရေး ဆောင်ရွက်ရန်၊ ဒေသအလိုက် OROP ဒေသတစ်ခု ထုတ်ကုန်တစ်ခု အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပရန်ရက်မှာ နီးကပ်လာပြီ ဖြစ်သည့်အလျောက် လုပ်ငန်းကော်မတီအသီးသီးအလိုက် အင်တိုက်အားတိုက် ဆောင်ရွက်နေကြပြီး မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ပြခန်းပြင်ဆင်ခြင်းနှင့် ခင်းကျင်းနေမှုအခြေအနေကို အမြဲမပြတ် ကွင်းဆင်း၍ အချိန်မီ ခင်းကျင်းပြသနိုင်ရေးအတွက် လိုအပ်သည်များ အားလုံးကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုအဆင့်MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပခြင်းသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင် အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်ပေးနိုင်မှု စသောအကျိုးကျေးဇူးများ ရရှိစေသည့် ပြပွဲတစ်ခုဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိမည့် ပြပွဲတစ်ခု ဖြစ်ပါကြောင်း ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူးက လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ အစည်းအဝေး တက်ရောက်လာသူများနှင့် တိုင်းဒေသကြီး ပြည်နယ်ပြခန်းတာဝန်ခံများက ခင်းကျင်းပြသမည့်အစီအစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား**

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်၌ အကျဉ်းသား၊ အကျဉ်းသူများ အသိပညာဗဟုသုတများရရှိစေရန်အတွက် သုတ၊ ရသ စာအုပ်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ ရက်က အကျဉ်းဦးစီးဌာန ကျိုင်းတုံအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်၊ ကျိုင်းတုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းသန့်နှင့် ဦးစီးအရာရှိ ဦးစိုင်းရွှေအောင် တို့က သုတ၊ ရသ စာအုပ် ၃၅၀ (တန်ဖိုးငွေကျပ် ၁၀၃၀၀၀၀) ကို ကျိုင်းတုံအကျဉ်းထောင်အတွက် ပေးအပ်လှူဒါန်းစဉ်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# MSME (အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း)များ၏အစ

**၁၈ ရာစုနောက်ပိုင်း ပထမစက်မှုတော်လှန်ရေးဖြစ်ပေါ်လာပြီး လက်မှုပညာနှင့် လယ်ယာလုပ်ငန်းများမှ စက်မှုအခြေပြုထုတ်လုပ်မှုစနစ်များ ထွန်းကားလာခြင်းကြောင့် MSME စတင်ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ အထူးသဖြင့် အထည်အလိပ်၊ အသေးစား စာပေထုတ်လုပ်မှုလုပ်ငန်း၊ အသေးစားသံမဏိထုတ်လုပ်ငန်းများ ပေါ်ထွန်းလာသည်။**

ဝီပီပီ(စက်မှု)

ဒုတိယစက်မှုတော်လှန်ရေး (၁၈၇၀-၁၉၁၄) တွင် အမြောက်အမြားထုတ်လုပ်မှု (Mass Production)စနစ်ကြောင့် အသေးစားကုန်ထုတ်လုပ်ငန်းများပါ ထွန်းကားလာပြီး အကြီးစားစက်မှုစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်သည့်စနစ် ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် အကြီးစားစက်မှုလုပ်ငန်းများသည် ပြည်သူများ အလုပ်အကိုင်ရရှိရန် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် လူမှုစီးပွားပြဿနာများဖြေရှင်းရန် အဖြေရှာခဲ့ကြရာ ဘော်လ်တွန်အစီရင်ခံစာက အသေးစားလုပ်ငန်းများ၏ အရေးပါပုံကို ဖော်ထုတ်ခဲ့ကြပါသည်။

**ဘော်လ်တွန်အစီရင်ခံစာ**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း သမိုင်းကြောင်းအထောက်အထားများအရ လေ့လာတွေ့ရှိနိုင်ပါသည်။ အင်္ဂလန်နိုင်ငံတွင်လည်း အသေးစားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးတွင် အဓိကကျကြောင်း သိမြင်လာပြီးနောက် စီးပွားရေးလုပ်ငန်းများအား လေ့လာဆန်းစစ်ခဲ့ပြီး ဘော်လ်တွန်အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါသည်။

**၁။ အစီရင်ခံစာထုတ်ပြန်သည့် အကြောင်းရင်း**

အင်္ဂလန်နိုင်ငံတွင် စက်မှုလုပ်ငန်းများသည် ၁၇ ရာစုမှ စတင်ဖွံ့ဖြိုးလာခဲ့ပြီး အစိုးရသည် ၁၉၆၀ ပြည့်နှစ်မတိုင်မီကာလအထိ လုပ်ငန်းကြီးများကိုသာ ပံ့ပိုးပေးရန် အာရုံထားခဲ့ကာ လုပ်ငန်းငယ်များအတွက် အစိုးရက ပံ့ပိုးပေးမှုမရှိခဲ့ပါ။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် လုပ်ငန်းကြီးများသာ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည်ဟူသော ယုံကြည်ချက်များ စတင်ပြောင်းလဲလာခဲ့ပြီး လုပ်ငန်းငယ် (Small Business) များကိုပါ ပံ့ပိုးပေးရန်လိုအပ်လာကြောင်း သိရှိခဲ့ကာ ၁၉၆၉ ခုနှစ်တွင် အစိုးရသည် အသေးစားစီးပွားရေးလုပ်ငန်းများ စုံစမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး Mr.J.E. Bolton အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

ကော်မတီသည် လုပ်ငန်းငယ်များအတွက် ပံ့ပိုးကာကွယ်ပေးနိုင်ရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၁၉၇၁ ခုနှစ် နိုဝင်ဘာလတွင် ဘော်လ်တွန်အစီရင်ခံစာဟုခေါ်သည့် Report of the Committee of Inquiry on Small Firms အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။

**၂။ အစီရင်ခံစာ၏ရည်ရွယ်ချက်နှင့်လေ့လာတွေ့ရှိချက်**

ဘော်လ်တွန်အစီရင်ခံစာသည် အင်္ဂလန်နိုင်ငံရှိ အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြထားခြင်းဖြစ်ပါသည်။ J.E. Bolton က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် စုံစမ်းရေးကော်မတီသည် နိုင်ငံ့စီးပွားရေးတွင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကိုသိရှိရန်၊ ယင်းလုပ်ငန်းများ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို လေ့လာသိရှိကာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်ကဲ့သို့ပံ့ပိုးကူညီပေးရမည်ဟူသည့် အကြံပြုချက်များကို အဆိုပြုတင်သွင်းနိုင်ရန် ရည်ရွယ်၍ လေ့လာမှုကိုလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ဤလေ့လာမှုတွင် လုပ်သားအင်အား ၂၀၀ ထက်နည်းသောလုပ်ငန်းများအား အသေးစားစီးပွားရေးလုပ်ငန်းများဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အသေးစားစီးပွားရေး လုပ်ငန်းများသည် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ တီထွင်ဆန်းသစ်မှု၊ ယှဉ်ပြိုင်နိုင်မှုနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝမြှင့်တင်မှုများအတွက် အလွန်ပင်အရေးပါကြောင်း တွေ့ရှိခဲ့ပါသည်။

**“MSME လုပ်ငန်းများကို အဓိကအားဖြင့် ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားဟူ၍ ကဏ္ဍများခွဲခြားထားပြီး ထိုကဏ္ဍအသီးသီးရှိ MSME လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများအား ထိရောက်စွာပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အပြင် ဒေသခံများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်”**

သုတေသနပြုချက်များအရ အင်္ဂလန်နိုင်ငံ၌ အသေးစားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့လုပ်သားအင်အား၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေခြောက်သန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးပါကြောင်း၊ ၎င်းလုပ်ငန်းများသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်အဆန်းများဖြင့် ဈေးကွက်ထိုးဖောက်နိုင်ပြီး ဆန်းသစ်တီထွင်မှုဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ထို့အပြင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုကာ အထူးသဖြင့် ကျေးလက်ဒေသများရှိ ဒေသန္တရစီးပွားရေးကို ဖော်ဆောင်ပေးနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သော အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြထားပါသည်။

**၃။ အစီရင်ခံစာပါ အကြံပြုချက်များ**

ဘော်လ်တွန်အစီရင်ခံစာသည် လုပ်ငန်းငယ်များရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် အဆိုပါလုပ်ငန်းငယ်များအား ပံ့ပိုးကူညီမှုများကို မြှင့်တင်ဆောင်ရွက်ရန် အဓိကအကြံပြုချက်များစွာ ပေးခဲ့ပါသည်။ အကြံပြုချက်တွင်-

- အသေးစားလုပ်ငန်းများသည် ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ပြုသည့် လုပ်ငန်းများဖြစ်သဖြင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် မူဝါဒဆိုင်ရာပံ့ပိုးကူညီမှုနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် အဓိကတာဝန်ယူဆောင်ရွက်မည့် အစိုးရဌာနတစ်ခု ဖွဲ့စည်းရန်လိုအပ်ကြောင်း၊
- ထိုဌာနကို ကုန်သွယ်မှု သို့မဟုတ် စက်မှုဌာနအတွင်းတွင် ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း၊
- အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းစဉ်များတွင် အသေးစားစီးပွားရေးလုပ်ငန်းများ ပါဝင်လာနိုင်စေရန် ပံ့ပိုးပေးရန်လိုအပ်ကြောင်း၊
- စွန့်ဦးတီထွင်သူများကို အားပေးသည့်အနေဖြင့် ကောက်ခံသည့်အခွန်နှင့် စပ်လျဉ်း၍ အခွန်မူဝါဒအသစ် ရေးဆွဲရန် လိုအပ်ကြောင်းအကြံပြုထားပါသည်။

အထက်ဖော်ပြပါ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအပြင်-

- အသေးစားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ တိုးတက်မှုများအတွက် စီမံခန့်ခွဲမှု၊ ဈေးကွက်ချဲ့ထွင်မှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အကြံပေးဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊
- နည်းပညာအသစ်များအသုံးချနိုင်ရေး လေ့ကျင့်ရေးအစီအစဉ်များ ပံ့ပိုးပေးရန်၊
- အသေးစားလုပ်ငန်းများအကြား အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ပေးရန်၊
- နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကို အသိအမှတ်ပြု၍ ရပ်ရွာလူမှုဖူလုံရေးနှင့် ကျွမ်းကျင်လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းငယ်များအား ပံ့ပိုးကူညီမှုဆိုင်ရာမူဝါဒများ လိုအပ်ကြောင်း၊
- စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန်ရည်ရွယ်သည့် လေ့ကျင့်ရေးအစီအစဉ်များသည်လည်း ပညာရေးကွာဟချက်များအား ဖြေရှင်းရာတွင် အရေးပါကြောင်း အကြံပြုထားပါသည်။

အချုပ်အားဖြင့်-

- ဘော်လ်တွန်အစီရင်ခံစာတွင် အသေးစားစီးပွားရေးလုပ်ငန်းများသည် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း၊
- အသေးစားစီးပွားရေးလုပ်ငန်းများ အနေဖြင့် ငွေကြေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခြားသော စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရပါကြောင်း၊
- အဆိုပါလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများအတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံး အထောက်အကူပြု၊ အထောက်အပံ့ပြုသူများဖြစ်သည့်အတွက် ကျန်းမာသောစီးပွားရေးရပ်ဝန်းတစ်ခုတွင် မရှိမဖြစ်သောလုပ်ငန်းများဖြစ်ပါကြောင်း၊
- အသေးစားစီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ပြီး နိုင်ငံတော်သာယာဝပြောရေးကို အထောက်အကူပြုနိုင်သည့် ဟန်ချက်ညီပြီး ခံနိုင်ရည်ရှိသော စီးပွားရေးကို ထိန်းသိမ်းရန်အတွက် အစိုးရမှ ပံ့ပိုးမြေတောင်မြှောက်ပေးရန် လိုအပ်ကြောင်း စသည်ဖြင့် အစီရင်ခံတင်ပြထားပါသည်။

**အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ စတင်ချမှတ်ခဲ့သည့်နိုင်ငံများ**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်းကာလများတွင် စက်မှုတော်လှန်ရေးနှင့်အတူ SME များ တဖြည်းဖြည်း ပေါ်ထွန်းလာခဲ့ပါသည်။ နိုင်ငံအသီးသီးတွင် စီးပွားရေးမူဝါဒများ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုများနှင့်အညီ SME များကို ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့ကြပါသည်။

**၁။ ဥရောပနိုင်ငံများ**

**(က) အင်္ဂလန်နိုင်ငံ**

အင်္ဂလန်နိုင်ငံတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)သည် ၁၉ ရာစု စက်မှုခေတ်ပြောင်းတော်လှန်ရေးနောက်ပိုင်းတွင် လက်မှုလုပ်ငန်းများနှင့် အသေးစားထုတ်လုပ်မှုလုပ်ငန်းများအဖြစ် စတင်ပေါ်ပေါက်ခဲ့ပါသည်။ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် အကြီးစားကုမ္ပဏီများမှ အသေးစားစီးပွားရေးလုပ်ငန်းများသို့ ဦးတည်မှုများပြောင်းလဲလာခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၏ “အသေးစားစီးပွားရေးလုပ်ငန်းများဥပဒေ” (UK Small Business Act) ကို ပြဋ္ဌာန်းကာ SME များအတွက် ပံ့ပိုးမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

**(ခ) ဂျာမနီနိုင်ငံ**

ဂျာမနီနိုင်ငံတွင် “Mittelstand” ဟုခေါ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံဖြစ်ပါသည်။ ၁၉၄၅ ခုနှစ်နောက်ပိုင်း စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးတွင် SME များအတွက် ဘဏ်ချေးငွေပံ့ပိုးမှုများနှင့် နည်းပညာဖွံ့ဖြိုးမှုများကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ဂျာမနီနိုင်ငံသည် ဥရောပ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း မူဝါဒမူဘောင်တွင် ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။

**(ဂ) ပြင်သစ်နိုင်ငံ**

၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များအတွင်း ပြင်သစ်နိုင်ငံတွင် အသေးစားထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ သိသာစွာတိုးတက်လာခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်များတွင် SME များအတွက် ဥပဒေများပြဋ္ဌာန်းခဲ့ပြီး ဥရောပဈေးကွက်အတွင်း SME များပါဝင်နိုင်ရန် အစိုးရက လမ်းဖောက်ပေးခဲ့ပါသည်။

**၂။ အမေရိကန်ပြည်ထောင်စု**

၁၉၃၀ ပြည့်နှစ်များတွင် အမေရိကန်ပြည်ထောင်စုသည် စီးပွားပျက်ကပ်ကြောင့် ထိခိုက်ခဲ့သည့် SME များကို ပံ့ပိုးကူညီခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် “အသေးစားစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုအေဂျင်စီ” (Small Business Administration – SBA) ကို တည်ထောင်ကာ SME များအား ချေးငွေများနှင့် နည်းပညာပံ့ပိုးမှုများပေးခဲ့ပါသည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များတွင် နည်းပညာနှင့် အင်တာနက်တိုးတက်မှုများကြောင့် SME များ ပိုမိုအားကောင်းလာခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*

**“MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ပြင် MSME လုပ်ငန်းများသည် ကျေးလက်နှင့် မြို့ပြဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရုံသာမက ပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း မြှင့်တင်ပေးနိုင်သည့် အရေးပါသော အင်အားစုတစ်ခုဖြစ်”**

*စာမျက်နှာ ၆ မှ*

**၃။ အရှေ့အာရှ**

**(က) ဂျပန်နိုင်ငံ**

၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များတွင် ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အသေးစားထုတ်လုပ်မှုလုပ်ငန်းများ ပေါ်ထွန်းလာခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် “SME အခြေခံဥပဒေ” (Small and Medium Enterprise Basic Law)ကို ပြဋ္ဌာန်းကာ SME လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးမူဝါဒများ ချမှတ်ပေးခဲ့ပါသည်။ တိုယိုတာ၊ ဆိုနီ၊ ဟွန်ဒါကဲ့သို့သော ကုမ္ပဏီကြီးများသည်လည်း SME များ၏ ထောက်ပံ့မှုများကိုအသုံးပြုကာ လုပ်ငန်းများပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။

**(ခ) တရုတ်နိုင်ငံ**

၁၉၉၀ ပြည့်နှစ်များတွင် တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်များမှတစ်ဆင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(SME)များ သိသာစွာ တိုးတက်လာခဲ့ပါသည်။ ထိုဇုန်များသည် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုသည့် မူဝါဒများနှင့် အခွင့်အရေးများကို ဖန်တီးပေးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်များတွင် Alibaba၊ Tencent၊ Huawei ကဲ့သို့သော ကြီးမားသည့် တီထွင်ဖန်တီးမှုကုမ္ပဏီများသည် SME များကို အခြေခံကာ တည်ဆောက်လာခဲ့ကြပါသည်။ ထိုကုမ္ပဏီကြီးများသည် SME များ၏ ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်မှုများ ရရှိလာခဲ့ခြင်းဖြစ်ပါသည်။

**(ဂ) တောင်ကိုရီးယားနိုင်ငံ**

၁၉၆၀ ပြည့်နှစ်များအတွင်း ကိုရီးယားနိုင်ငံ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကာလ (Korean Industrialization Period)တွင် ဆမ်ဆောင်း၊ ဟွန်ဒိုင်း၊ LG ကဲ့သို့သော ကုမ္ပဏီကြီးများ (Chaebol) နှင့် အသေးစားနှင့် အလတ်စားလုပ်ငန်း(SME) များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုပူးပေါင်းမှုများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်း (Asian Financial Crisis) အပြီးတွင် SME များအား ငွေကြေးပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုပံ့ပိုးမှုများသည် SME များ၏ လုပ်ငန်းများပြန်လည်ထူထောင်ရေးနှင့် တည်ငြိမ်စွာ ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုခဲ့ပါသည်။

အချုပ်အားဖြင့် SME မူဝါဒများကို ဥရောပနိုင်ငံများ (ဥပမာ – အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံ)နှင့် အမေရိကန်နိုင်ငံတို့က စတင်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ အရှေ့အာရှနိုင်ငံများ (ဥပမာ – ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ)ကမူ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ SME များကို အရေးပေးလာခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်များတွင် နည်းပညာနှင့် ဒစ်ဂျစ်တယ်ပြောင်းလဲမှုများ (Technology & Digitalization)၏ အထောက်အပံ့ဖြင့် SME လုပ်ငန်းများ ပိုမိုတိုးတက်လာခဲ့ပါသည်။ ယခုအခါတွင် SME များသည် နိုင်ငံတကာစီးပွားရေးတွင် စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product – GDP)၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးနိုင်သည့် အဓိကစီးပွားရေးအင်အားစုတစ်ခု ဖြစ်လာခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product–GDP)၏ သိသာထင်ရှားသော အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် ဒေသဖွံ့ဖြိုးရေးတို့တွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းကြောင်းတစ်လျှောက်တွင် အစိုးရမှ MSME များအား ဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများချမှတ်၍ ပံ့ပိုးမှုများကိုအဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**၁။ MSME ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းကြောင်း**

**၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း**

- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း စတင်သတ်မှတ်ခဲ့ပါသည်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အတူတကွ အကောင်အထည်ဖော်ရာ၌ ကဏ္ဍတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် အာဆီယံအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Small and Medium Enterprise Working Group – ASEAN SMEWG)တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း**

- ၂၀၁၂ ခုနှစ် ဧပြီလ ၄ ရက်နေ့၌ စက်မှုဝန်ကြီးဌာနလက်အောက်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်ခံဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။
- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနအား ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအဖြစ် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးရုံး ၁၅ ရုံး၊ ခရိုင်ဦးစီးရုံး ၃၅ ရုံးတို့ဖြင့် သွတ်သွင်းဖွဲ့စည်းခဲ့ပါသည်။ ယခုအချိန်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးရုံး ၁၅ ရုံး၊ ခရိုင်ဦးစီးရုံး ၄၀ စုစုပေါင်း ၅၅ ရုံးအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

**၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း**

- မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော၊ စီးပွားရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖြစ်ထွန်းတိုးတက်လာစေရန် ထောက်ပံ့ဆောင်ရွက်ပေးရမည့် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် တီထွင်ဖန်တီးမှု၊ ငွေကြေးအရင်းအမြစ်ရရှိရေး၊ အခြေခံအဆောက်အအုံဈေးကွက်နှင့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရေး စသည်တို့ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို (၉-၄-၂၀၁၅) ရက်နေ့တွင်လည်းကောင်း၊ မူဝါဒကို (၂၄-၁၂-၂၀၁၅) ရက်နေ့တွင်လည်းကောင်း၊ နည်းဥပဒေများကို (၁၃-၁၀-၂၀၁၆)ရက်နေ့တွင် လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန် ဆောင်ရွက်ခဲ့ပါသည်။

**၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ်အတွင်း**

- အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသတစ်ခုနှင့်တစ်ခု အားသာချက်၊ အားနည်းချက်များ၊ ဦးစားပေးကဏ္ဍများ ကွဲပြားခြားနားမှုကြောင့် ဒေသတစ်ခုချင်းစီအလိုက် “အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်”များ ရေးဆွဲခဲ့ပြီး MSME လုပ်ငန်းများအား နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ပံ့ပိုးပေးခဲ့ပါသည်။
- နိုင်ငံတစ်ဝန်း MSME ထုတ်ကုန်ပြပွဲများကို စတင်ကျင်းပခဲ့ပြီး MSME လုပ်ငန်းများအတွက် ဈေးကွက်ချဲ့ထွင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဆွဲဆောင်မှုများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ပါသည်။

**၂၀၂၁ ခုနှစ်မှ ယနေ့အထိ**

- MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန် ယာယီသမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၂၃ ဦးပါဝင်သော“အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ” ကိုလည်းကောင်း၊ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရေး လမ်းညွှန်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ အဖွဲ့ဝင် ၄၂ ဦးပါဝင်သော “အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ”ကိုလည်းကောင်း ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုအဖွဲ့များဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။
- MSME များ၏ ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် ပါဝင်နိုင်စေရန်အတွက် ဒစ်ဂျစ်တယ်စနစ်များအသုံးချမှုကို မြှင့်တင်ရန် အစိုးရနှင့် အခြားအဖွဲ့အစည်းများက ပံ့ပိုးမှုများဆောင်ရွက်ခဲ့ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ယာယီသမ္မတသည် တိုင်းဒေသကြီး/ ပြည်နယ် ၁၃ ခုသို့ သွားရောက်၍ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ အကြိမ်(၄၀) ပြုလုပ်ကာ လုပ်ငန်းရှင်များက တင်ပြလာသည့် လိုအပ်ချက်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌသည် အလားတူ ငါးကြိမ်တိုင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တွေ့ဆုံပွဲများပြုလုပ်၍ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက်ရန်နှင့် အငယ်စားလုပ်ငန်းများကိုပါ အားပေးမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ရေးဆွဲလျက်ရှိပါသည်။

**၂။ မြန်မာ့ MSME များ၏ လက်ရှိအခြေအနေ**

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ပြင် MSME လုပ်ငန်းများသည် ကျေးလက်နှင့် မြို့ပြဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရုံသာမက ပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း မြှင့်တင်ပေးနိုင်သည့် အရေးပါသောအင်အားစုတစ်ခုဖြစ်ပါသည်။

MSME လုပ်ငန်းများကို အဓိကအားဖြင့် ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားဟူ၍ ကဏ္ဍများခွဲခြားထားပြီး ထိုကဏ္ဍအသီးသီးရှိ MSME လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သောကြောင့်အဆိုပါလုပ်ငန်းများကို ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အပြင် ဒေသခံများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုချိတ်ဆက်နိုင်ရန်အတွက် နည်းပညာအသုံးချမှုများတိုးမြှင့်ခြင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်နှင့် ဆက်သွယ်မှုများ ပိုမိုပြုလုပ်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း၊ MSME များအတွက် ချေးငွေနှင့် နည်းပညာပံ့ပိုးမှုများ ပိုမိုတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အချုပ်အားဖြင့် MSME လုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်နိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်ပါသည်။ နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက် အခွင့်အလမ်းများကို ပိုမိုရရှိစေရန်အတွက် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြင့်မားလာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ ။

❒ *ရှေ့ဖုံးမှ*

(ခ) **တည်ဆောက်ရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေ သို့မဟုတ် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် သို့မဟုတ် နိုင်ငံတော်ပိုင်ဆိုင်သည့်အရင်းအမြစ်များနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ဖြင့် အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံအဆောက်အဦ သို့မဟုတ် အခြားလိုအပ်သည့် တည်ဆောက်မှုလုပ်ငန်းကိုဖြစ်စေ၊ ကိုယ်ပိုင်ငွေကြေးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အများပြည်သူသုံးအဆောက်အအုံ သို့မဟုတ် လူနေအိမ်ကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းနှင့် ဆောက်လုပ်မွမ်းမံပြင်ဆင်ရန် ဒီဇိုင်းပုံစံများထုတ်ခြင်း၊ ကုန်ကျစရိတ်တွက်ချက်ခြင်း၊ လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းစီမံခန့်ခွဲခြင်းလုပ်ငန်းများကို ဆိုသည်။

(ဂ) **အခြေခံအဆောက်အဦ** ဆိုသည်မှာ နိုင်ငံတော်အတွက် လိုအပ်သောအဆောက်အအုံ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ ဆိပ်ကမ်း၊ ဆည်မြောင်းတာတမံ၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်း၊ မီးရထား ဘူတာရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ မြို့တော်ခန်းမ၊ စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကွန်ရက် စသည့် အဆောက်အဦများကို ဆိုသည်။

(ဃ) **ထိန်းသိမ်းပြင်ဆင်ခြင်း** ဆိုသည်မှာ မူလအသုံးပြုမှုပုံစံအရည်အသွေးအတိုင်း ပျက်စီးယိုယွင်းမှုမရှိစေရေး သို့မဟုတ် ပိုမိုကောင်းမွန်စေရေးအတွက် ပြင်ဆင်၍ ထိန်းသိမ်းကာကွယ်ခြင်းကို ဆိုသည်။

(င) **လုပ်ငန်းစီမံကိန်းမစတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်** ဆိုသည်မှာ စီမံချက်ရေးဆွဲခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံများထုတ်ခြင်း၊ ကုန်ကျစရိတ်နှင့် ရရှိမည့် လုပ်ဆောင်မှုရလဒ်စိစစ်ခြင်းတို့ကို ဆိုသည်။

(စ) **တည်ဆောက်မှုလုပ်ငန်းစဉ်** ဆိုသည်မှာ တည်ဆောက်ရေးစီမံကိန်းများ စတင်ရန်အတွက် လိုအပ်သည့် သတ်မှတ်အရည်အချင်းရှိသည့် ကျွမ်းကျင်ပညာရှင်များ၊ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့များအား ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ လုပ်ငန်းလုပ်ဆောင်သည့် တည်ဆောက်သူများ၊ တည်ဆောက်ရေးပစ္စည်း၊ ယာဉ် ယန္တရားများနှင့် စက်ကိရိယာများကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရွေးချယ်ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးနည်းလမ်းများ သတ်မှတ်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးချမှုပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အစားထိုးပြုပြင် အဆင့်မြှင့်ခြင်း၊ တစ်စိတ်တစ်ပိုင်းဖျက်သိမ်းခြင်း၊ အားလုံးဖျက်သိမ်းရှင်းလင်းခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ခြင်းနှင့် မှတ်တမ်းတင်၍ လိုအပ်ချက်များရှိပါက ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဆ) **အများပြည်သူသုံး အဆောက်အအုံ** ဆိုသည်မှာ ရုံး၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ စာကြည့်တိုက်၊ ဘာသာရေးဆိုင်ရာအဆောက်အအုံ၊ ကားရပ်နားရန်နေရာ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာအဆောက်အအုံ၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ အားကစားကွင်း၊ အားကစားရုံ၊ ခန်းမ၊ ဈေး၊ ကုန်တိုက်၊ ဘဏ်နှင့် ဟိုတယ်စသည့် အများပြည်သူနှင့် သက်ဆိုင်သည့်အဆောက်အအုံများကို ဆိုသည်။

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဈ) **ဦးစီးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသည့်ကော်မတီကို ဆိုသည်။

(ည) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနမှတစ်ပါး ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော အခြားဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကို ဆိုသည်။

(ဎ) **သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း** ဆိုသည်မှာ ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သောဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာန၊ အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(ဏ) **လုပ်ငန်းပိုင်ရှင်** ဆိုသည်မှာ ပြည်ထောင်စု၏ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးနှင့် သက်ဆိုင်သောစီမံကိန်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊ လုပ်ငန်းတန်ဖိုးပေးချေခြင်း၊ စစ်ဆေးလက်ခံခြင်း၊ ပိုင်ဆိုင်အသုံးပြုခြင်းတို့ ဆောင်ရွက်သည့်အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များအား တာဝန်ယူစီမံဆောင်ရွက်သည့် အဖွဲ့အစည်းများ သို့မဟုတ် စီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်ပိုင်ဆိုင်သည့် အရင်းအမြစ်များနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ဖြင့် အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကုမ္ပဏီ သို့မဟုတ် ကိုယ်ပိုင်ငွေကြေးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၏ ပုဂ္ဂလိကလုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီကိုဖြစ်စေ၊ ပုဂ္ဂလိကနေအိမ်များ၏ အိမ်ရှင်ကိုဖြစ်စေ ဆိုသည်။

(တ) **တည်ဆောက်သူ(ကန်ထရိုက်တာ)** ဆိုသည်မှာ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း စသည့် တည်ဆောက်ရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီ၍ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ထ) **အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့** ဆိုသည်မှာ နည်းပညာဆိုင်ရာ အတိုင်ပင်ခံ၊ အကြံပေးလုပ်ငန်းများကိုဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဒ) **လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ တည်ဆောက်ရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးမျိုးကို တည်ဆောက်သူက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲခြင်း၊ တည်ဆောက်နေစဉ်ကာလတွင် ကြီးကြပ်ခြင်း၊ တည်ဆောက်ပြီး နောက်ပိုင်းဆန်းစစ်သုံးသပ်ခြင်းတို့အား ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဓ) **လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ တည်ဆောက်ရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးမျိုးကို ဒီဇိုင်းပုံစံများနှင့်အညီ တည်ဆောက်ခြင်းရှိ မရှိ၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ မရှိတို့ကို စစ်ဆေးရန် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(န) **ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့** ဆိုသည်မှာ ဗိသုကာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းများထုတ်ခြင်း၊ တည်ဆောက်ရေး ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ခြင်း၊ မြေစမ်းသပ်ခြင်း သို့မဟုတ် ဘူမိနည်းပညာဆိုင်ရာ အထူးပြုဆောင်ရွက်ရသော အုတ်မြစ်လုပ်ငန်းကိုဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီ၍ မြန်မာနိုင်ငံဗိသုကာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် ဝန်ဆောင်မှုကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ပ) **တတိယအဖွဲ့အစည်း** ဆိုသည်မှာ လုပ်ငန်းပိုင်ရှင်၊ တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့တို့နှင့် ပတ်သက်ဆက်နွှယ်မှုမရှိသည့် တည်ဆောက်ရေးဘာသာရပ်ဆိုင်ရာနှင့် တည်ဆောက်ရေးနှင့် နီးနွှယ်ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ဖွဲ့စည်းပြီး အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ၊ အခြေခံအဆောက်အဦများကို ဒီဇိုင်းပုံစံစစ်ဆေးခြင်း၊ တည်ဆောက်ရေးကာလအတွင်း လိုအပ်သလို စစ်ဆေးခြင်းပြုရန် အရည်အချင်းများပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဖ) **လုပ်ငန်းခွင်ကြီးကြပ်သူ** ဆိုသည်မှာ သက်ဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းခွင်တွင် လုပ်ငန်းပိုင်ရှင်က တာဝန်ပေးအပ်ထားသော မှတ်ပုံတင်အင်ဂျင်နီယာ သို့မဟုတ် ကြီးကြပ်သူကို ဆိုသည်။

(ဗ) **အရည်အသွေးထောက်ခံချက်လက်မှတ်** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်းများကိုက်ညီမှုအား အသိအမှတ်ပြုဓာတ်ခွဲခန်းတွင် စစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီကြောင်း အရည်အသွေးထောက်ခံချက်အတွက် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေအရ ထုတ်ပေးထားသည့်လက်မှတ်ကို ဆိုသည်။

(ဘ) **အသိအမှတ်ပြုဓာတ်ခွဲခန်း** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်းကိုက်ညီမှုအား စမ်းသပ်စစ်ဆေး၍ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရှိသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေအရ အသိအမှတ်ပြုလွှာရရှိထားသော ဓာတ်ခွဲခန်းကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၅။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်၏ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒနှင့်စံချိန်စံညွှန်းများကို ချမှတ်၍ တစ်ပြေးညီ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်နှင့် ကြီးကြပ်စီမံဆောင်ရွက်နိုင်ရန်၊

(ခ) ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နှင့်အညီ တိုးတက်လာသည့် တည်ဆောက်ရေးဆိုင်ရာနည်းပညာများအား မိမိနိုင်ငံ ရေမြေသဘာဝနှင့် ကိုက်ညီဆီလျော်အောင် စဉ်ဆက်မပြတ်လေ့လာ သုတေသနပြုအသုံးပြုနိုင်ရန်၊

(ဂ) အများပြည်သူများနှင့် အသုံးပြုသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးပြည့်မီကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရသော သဘာဝဘေးဒဏ်ခံ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် အခြေခံအဆောက်အဦများ ထွက်ပေါ်လာရန်၊

(ဃ) အခြေခံအဆောက်အဦများ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် စစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်စေရန်၊

(င) တည်ဆောက်ပြီး အခြေခံအဆောက်အဦများ သက်တမ်းအလိုက် စဉ်ဆက်မပြတ် ကြံ့ခိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းရေး၊ အရေးပေါ်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်အလို့ငှာ ဒုတိယသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သောဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သောဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝါရင့်ကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် **ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီသည် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ စိစစ်ကြပ်မတ်ရေး၊ ပြည်ပမှတင်သွင်းသော တည်ဆောက်ရေးပစ္စည်းများနှင့် ပြည်တွင်းမှ ထုတ်လုပ်သော တည်ဆောက်ရေးပစ္စည်းများ အရည်အသွေးပြည့်မီခြင်း ရှိ မရှိ စိစစ်ကြပ်မတ်ရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာလုပ်ငန်းတာဝန်အလိုက် ဦးစီးကော်မတီများ၊ ဆပ်ကော်မတီနှင့်အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၈။ ဗဟိုကော်မတီသည် တည်ဆောက်ရေးလုပ်ငန်း၊ ဆောက်လုပ်မှုလုပ်ငန်းစဉ်၊ စံချိန်စံညွှန်းများနှင့် အရည်အသွေးစသည့် ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော အငြင်းပွားမှုများအားဖြေရှင်းရန် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် တည်ဆောက်ရေးဘာသာရပ်ဆိုင်ရာကျွမ်းကျင်၍ အတွေ့အကြုံရှိသူတစ်ဦးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဦးစီးဌာနမှ အရာထမ်းတစ်ဦးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ် ဖွဲ့စည်းနိုင်သည်။

၉။ **ဗဟိုကော်မတီ**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျနစွာ တစ်ပြေးညီကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် မူဝါဒနှင့် စံချိန်စံညွှန်းများ ချမှတ်ခြင်း၊

(ခ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်လာသည့် တည်ဆောက်ရေးဆိုင်ရာနည်းပညာများအား လေ့လာသုတေသနပြု၍ မိမိနိုင်ငံနှင့် ကိုက်ညီသည့် နည်းပညာများပြန့်ပွားရန် ဆောင်ရွက်စေခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ သို့မဟုတ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြလျှင်ဖြစ်စေ၊ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၁၂ ထပ် အထက် သို့မဟုတ် အမြင့် ၁၄၀ ပေ အထက် အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ် အောက် ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူ အန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံများ ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာဦးစီးကော်မတီက တင်ပြလာလျှင်ဖြစ်စေ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းများနှင့် ညီညွတ်ခြင်းရှိ မရှိ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအား အခါအားလျော်စွာ တာဝန်ပေးအပ်စစ်ဆေးစေ၍ တင်ပြလာသောအရည်အသွေးပြည့်မီမှုမရှိသည့် လုပ်ငန်းများအား ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်စေခြင်း၊

(င) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်သော ၁၂ ထပ်အထက် သို့မဟုတ် အမြင့် ၁၄၀ ပေ အထက် အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့်ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံများကို အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပညာရှင်များဖြင့် ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ် စစ်ဆေးစေ၍ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့် လုပ်ငန်းများအား ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း၊

(စ) ပုဒ်မခွဲ (ဃ) နှင့် (င) တို့နှင့်အညီ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည် တည်ဆောက်ခြင်းပြုလုပ်စဉ်ကာလတွင် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအား ကြီးကြပ်စေပြီး တည်ဆောက်ပြီးနောက် အရည်အသွေးပြည့်မီကြောင်း သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြပါက အတည်ပြုခြင်း၊

(ဆ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန် လမ်းညွှန်မှုပေးခြင်းနှင့် စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဇ) တည်ဆောက်ရေးနယ်ပယ်အလိုက် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချရပြီး စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသည့်အခြေခံအဆောက်အဦများ ရရှိရေးအတွက် စိစစ်ကြပ်မတ်နိုင်ရန် နိုင်ငံတော်၏ ဆောက်လုပ်မှုကဏ္ဍကို တာဝန်ယူဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းအသီးသီးသို့ တာဝန်ပေးအပ်ခြင်း၊

(ဈ) ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ နည်းပညာများသင်ကြားရေး၊ လုပ်ငန်းကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အတတ်ပညာများ၊ နည်းပညာများ နှီးနှောဖလှယ်ရေး၊ ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာအတွေ့အကြုံများ ပြန့်ပွားရေးတို့တွင် ဒေသဆိုင်ရာအပါအဝင် နိုင်ငံတကာပညာရှင်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် စနစ်တကျ ဦးဆောင်မှုပေးခြင်း၊

(ည) ဦးစီးကော်မတီများ၊ ဒေသဆိုင်ရာကော်မတီများနှင့် ဆောက်လုပ်မှုကဏ္ဍ ကြီးကြပ်စစ်ဆေးရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးပြည့်မီရေး၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း၊ ကြပ်မတ်စစ်ဆေးနိုင်ခွင့် တိုးမြှင့်အပ်နှင်းခြင်း သို့မဟုတ် လျှော့ချခြင်း၊

(ဋ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးအချင်းချင်း အပြန်အလှန်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး ကူညီပံ့ပိုးပေးခြင်း၊

(ဌ) အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ တတိယအဖွဲ့အစည်းများ သို့မဟုတ် တည်ဆောက်သူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် အရည်အချင်းသတ်မှတ်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဍ) လုံခြုံစိတ်ချရပြီး စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသည့် အဆောက်အအုံများ ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် သတ်မှတ်အရည်အချင်းများနှင့် ညီညွတ်ခြင်း ရှိ မရှိ ဦးစီးဌာန၏ တင်ပြချက်အပေါ် အတည်ပြုနိုင်ရန် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဎ) ဦးစီးဌာနက တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယအဖွဲ့အစည်းတို့နှင့် စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ စိစစ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဏ) ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက အရည်အသွေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းများအပေါ် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(တ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေး ပြည့်မီသော အခြေခံအဆောက်အဦများရရှိစေရေး အခြားလိုအပ်သော စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၀။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၄)

## ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ဗဟိုကော်မတီသည် ဒေသဆိုင်ရာကော်မတီကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တာဝန်ခံများ၊ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝါရင့်ကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်တစ်ဦး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးတစ်ဦးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနမှ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်တစ်ဦးကို တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီသည် လုပ်ငန်းတာဝန်များအရ လိုအပ်ပါက တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောက်လုပ်မှုလုပ်ငန်းစဉ်၊ စံချိန်စံညွှန်းများနှင့် အရည်အသွေးစသည့် ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းရန်သော်လည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကဖြစ်စေ အရည်အသွေးပြည့်မီခြင်းရှိ မရှိ စစ်ဆေးပေးရန် အကြောင်းကြားလျှင်သော်လည်းကောင်း၊ တိုင်ကြားစာလက်ခံရရှိလျှင်သော်လည်းကောင်း အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၃။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ သို့မဟုတ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ သို့မဟုတ် ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၉ ထပ် မှ ၁၂ ထပ် သို့မဟုတ် အမြင့် ၁၀၀ ပေ မှ ၁၄၀ ပေ အထိ အဆောက်အအုံများ သို့မဟုတ် အမြင့် ၄၀ ပေ မှ ၆၈ ပေ အထိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြလျှင် အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများအား ဘေးအန္တရာယ်ကင်းရှင်း၍ စံချိန်စံညွှန်းများနှင့် ညီညွတ်ခြင်း ရှိ မရှိ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအား အခါအားလျော်စွာ တာဝန်ပေးအပ်စစ်ဆေးစေ၍ အရည်အသွေး ပြည့်မီမှုမရှိသောလုပ်ငန်းများအား ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်စေခြင်း၊

(ဂ) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်သော ၉ ထပ်မှ ၁၂ ထပ် သို့မဟုတ် အမြင့် ၁၀၀ ပေ မှ ၁၄၀ ပေ အထိ အဆောက်အအုံများ သို့မဟုတ် အမြင့် ၄၀ ပေမှ ၆၈ ပေအထိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံး အဆောက်အအုံများနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်စေခြင်း၊ တင်ပြလာသောအရည်အသွေး ပြည့်မီမှုမရှိသည့် လုပ်ငန်းများအား ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း၊

(ဃ) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်ခြင်းပြုလုပ်စဉ်ကာလတွင် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအား ကြီးကြပ်စေပြီး တည်ဆောက်ပြီးနောက် အရည်အသွေးပြည့်မီကြောင်း သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြပါက အတည်ပြုခြင်း၊

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

(င) ၉ ထပ်အောက် အဆောက်အအုံများနှင့် ဧရိယာ ၁၀၀၀၀ စတုရန်းပေအောက် အများပြည်သူသုံး အဆောက်အအုံများ၊ အမြင့် ၄၀ ပေအောက် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို တည်ဆောက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အတည်ပြု ထုတ်ပြန်ထားသည့် စံချိန်စံညွှန်း များနှင့်အညီ ကိုက်ညီမှုရှိ မရှိ စိစစ်ဆောင်ရွက်စေရန် သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များသို့ လမ်းညွှန်မှုပေးခြင်းနှင့် ကြပ်မတ် စစ်ဆေးခြင်း၊

(စ) ဗဟိုကော်မတီမှ ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဒီဇိုင်းပုံစံနှင့် နည်းပညာဆိုင်ရာ လိုအပ်ပါက ဗဟိုကော်မတီသို့ စစ်ဆေးမှုနှင့်ပတ်သက်သည့် အကူအညီတောင်းခံခြင်း၊ ဗဟိုကော်မတီအစည်းအဝေးသို့ တင်ပြ၍ မှတ်တမ်းတင်ခြင်း၊

(ဇ) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်သည့် စီမံကိန်းများကို မှတ်ပုံတင်စာရင်းထားရှိ၍ ထိန်းသိမ်းခြင်း၊

(ဈ) တည်ဆောက်သူများ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များအတွက် အလေ့အကျင့် ကောင်းများရရှိစေရန် ပညာပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အကဲဖြတ်မှတ်တမ်းများကို ဦးစီးဌာနသို့ ပေးပို့ခြင်း၊

(ည) ဘဏ္ဍာနှစ်အလိုက် ဒေသတွင်းရှိ တည်ဆောက်ရေးပစ္စည်းဈေးနှုန်းများ၊ လုပ်အားခနှုန်းထား များနှင့် သယ်ယူပို့ဆောင်ခနှုန်းထားများကို အတည်ပြုထုတ်ပြန်ပေးခြင်း၊

(ဋ) ဒေသတွင်းတည်ဆောက်ရေးပစ္စည်း ထုတ်လုပ်သူများ၊ ပေးသွင်းသူများအား စနစ်တကျ မှတ်ပုံတင်ထားရှိခြင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ထုတ်ကုန်များကိုသာ ထုတ်လုပ်ရန်နှင့် အသုံးပြုရန် ကြပ်မတ်ခြင်း၊

(ဌ) ကျွမ်းကျင်လုပ်သားနှင့် လုပ်ငန်းခွင်ကြီးကြပ်သူများအား သင်တန်းပေးခြင်း၊ စိစစ် အကဲဖြတ် ခြင်းတို့ ဆောင်ရွက်ခြင်း၊

(ဍ) ဒေသတွင်းကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေးအတွက် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်အကဲဖြတ်မှတ်ပုံတင်ထားရှိရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဎ) ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပြည်တွင်း ပြည်ပဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ကျင်းပရေး၊ တက်ရောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ လိုအပ်သလို စီမံဆောင်ရွက်ခြင်း၊

(ဏ) ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို တည်ဆဲစည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန် ချက်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရန် တည်ဆောက်ရေးလုပ်ငန်းများကို စိစစ်ရန် စိစစ်ကြပ်မတ်ရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(တ) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရသော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်း များ၏ အမည်စာရင်းအား မှတ်တမ်းပြုစု၍ ဗဟိုကော်မတီသို့ ပေးပို့ခြင်း။

၁၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ညွှန်ကြားရေးမှူးရုံးသည် ဒေသဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၅။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် –

(က) လိုအပ်ပါက တည်ဆောက်ရေးလုပ်ငန်းများစီမံခန့်ခွဲရေး ပညာရှင်အဖွဲ့၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးပညာရှင် အဖွဲ့၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ စိစစ်သုံးသပ်ရေး ပညာရှင်အဖွဲ့၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေး စီမံကိန်း များကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့နှင့် အခြားဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့် အဖွဲ့များကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ခ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များအား နိုင်ငံတကာ၏ တိုးတက်ပြောင်းလဲလာသည့် နည်းပညာစံနှုန်းများ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်အညီ ပြင်ဆင်ရေးဆွဲခြင်း၊

(ဂ) ခေတ်မီနည်းပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆောက်လုပ်မှုကဏ္ဍ အလိုက် တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း၊ ခေတ်မီနည်းပညာများ ပြုစုလေ့လာ၍ တင်ပြ ခြင်း၊ နည်းပညာများကို ဖြန့်ဝေပေးခြင်း၊

(ဃ) ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များ သင်ကြားမှုအဆင့်အတန်း မြင့်မားစေ ရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာ၏တည်ဆောက်ရေးဆိုင်ရာ နည်းပညာများကို လေ့လာသုတေသနပြု၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် နည်းပညာပြန့်ပွားစေ ရေး သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) လုပ်ငန်းခွင်ကြီးကြပ်သူများ၏ အရည်အသွေးမြှင့်တင်နိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်အတွက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ရေး သင်ရိုးညွှန်းတမ်းများ၊ မူဝါဒများ ရေးဆွဲပြုစု၍ ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာကော်မတီအသီးသီးသို့ ပေးပို့ခြင်း၊

(စ) တည်ဆောက်သူ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးစည်းကမ်းများ၊ လုပ်ငန်းအရည်အသွေး စစ်ဆေးရေး အဖွဲ့များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်အဖွဲ့များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ ပညာရပ်အလိုက် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကိုရေးဆွဲ၍ ဝန်ကြီးဌာန၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်ခြင်း၊

(ဆ) အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ တတိယ အဖွဲ့အစည်းများ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တည်ဆောက်သူများကို မှတ်ပုံ တင်လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များထုတ်ပြန်ခြင်း၊ ဝန်ကြီးဌာန၏ ခွင့်ပြု ချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဇ) လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးသည့် စာရင်းများအား မှတ်ပုံတင် အမျိုးအစားအလိုက် စုစည်း၍ မှတ်တမ်းထားရှိခြင်း၊

(ဈ) တည်ဆောက်ရေးထုတ်ကုန်၊ တည်ဆောက်ရေးပစ္စည်းများ၏ စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်း ပေးနိုင်ရန် အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ဆောက်လုပ်မှုကဏ္ဍရှိ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အမျိုးသား စံချိန်စံညွှန်း ကောင်စီ၏ ဥပဒေအရ အသိအမှတ်ပြုလွှာရရှိထားသည့်ဦးစီးဌာန၏ ဓာတ်ခွဲခန်း၌ စစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း အရည်အသွေးထောက်ခံချက် လက်မှတ်ထုတ် ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဋ) အရည်အသွေးထောက်ခံချက်လက်မှတ် ရရှိထားသည့် တည်ဆောက်ရေးပစ္စည်းများ၏ မှတ်တမ်းနှင့် အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်းထားရှိ၍ ထိန်းသိမ်းခြင်း၊

(ဌ) ဗဟိုကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၁၆။ ဦးစီးဌာနသည် မိမိ၏လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းအမျိုးအစားများ အတွက် လိုအပ်ပါက ပြင်ပကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ခွင့်ရှိသည် –

(က) မြို့ပြစီမံကိန်းများ၊ ဗိသုကာ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ရေသန့်၊ လျှပ်စစ်၊ အခြေခံအဆောက်အဦ ဒီဇိုင်းပုံစံများအား သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းလမ်းညွှန်များရေးဆွဲပြုစုခြင်း၊

(ဂ) ဆောက်လုပ်မှုနည်းပညာ၊ ဆောက်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲခြင်း၊ တည်ဆောက်မှုလုပ်ငန်း လိုအပ်ချက်များ ဖြည့်တင်းခြင်းတို့အတွက် ပညာရပ်ဆိုင်ရာလမ်းညွှန်၊ လက်စွဲစာစောင်များ ပြုစုခြင်း၊

(ဃ) သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း (၆)
## တည်ဆောက်သူ

၁၇။ ဤဥပဒေပါ လုပ်ငန်းများကို တည်ဆောက်သူအဖြစ် ဆောင်ရွက်လိုသည့် အောက်ပါ အရည်အချင်း များနှင့် ကိုက်ညီသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များ နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းခွင်ကြီးကြပ်သူတစ်ဦး အနည်းဆုံးပါဝင် ရမည်။

(ဂ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို ရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ သို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၁၉။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၁၈ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြု ထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်း ပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က)အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က)အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၂၀။ တည်ဆောက်သူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရမည်။

(ဃ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်း နယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

(င) အတည်ပြုဒီဇိုင်းပုံစံနှင့် စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရမည်။

၂၁။ တည်ဆောက်သူသည် လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံ စာချုပ် ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိသည်။

၂၂။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် တည်ဆောက်သူအဖြစ် ဆက်လက် ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုးလျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၇)

## အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့

၂၃။ အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် လူပုဂ္ဂိုလ် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်လိုသူသည် တည်ဆောက်ရေးဆိုင်ရာ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ ဖြစ်ရမည်။

(ခ) အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆောင်ရွက်လိုပါက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည့်အပြင် ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံးပါဝင်ရမည်။

(ဂ) မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်သည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဖြစ် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူဖြစ်ရမည့်အပြင် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဖြစ် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူ ဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၂၄။ ဦးစီးဌာနသည် ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကို ရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်းဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၂၅။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က)အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၂၆။ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

၂၇။ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်–

(က) လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆို၍ တည်ဆောက်မှုလုပ်ငန်းစဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးအကြံပြုခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းခြင်းဆိုင်ရာ အကြံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ်မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၂၈။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါသတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၈)

## လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့

၂၉။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ တစ်ဦး၊ ဆောင်ရွက်မည့် ဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံးပါဝင်ရမည်။

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၂၉ အရလျှောက်ထားချက်ကို ရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ် ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၃၁။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၀ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၃၂။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

၃၃။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် –

(က) လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆို၍ ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရန် တည်ဆောက်ရေးစီမံချက်ရေးဆွဲခြင်း၊ တည်ဆောက်နေစဉ်ကာလတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီစေရန် ကြီးကြပ်ခြင်း၊ တည်ဆောက်ပြီးနောက်ပိုင်းဆန်းစစ်သုံးသပ်ခြင်းတို့အား ဆောင်ရွက်ခြင်း။

၃၄။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါမှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း(၉)

## လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့

၃၅။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည်။

(ခ) ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံးပါဝင်ရမည်။

(ဂ) လုပ်ငန်းခွင်တွင် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းအတွေ့အကြုံရှိသူ မှတ်ပုံတင်အင်ဂျင်နီယာ အနည်းဆုံး သုံးဦး ပါဝင်ရမည်။

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ လျှောက်ထားချက်ကို ရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

၃၇။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၆ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၃၈။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် အတည်ပြုထုတ်ပြန်ထားသည့် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် စစ်ဆေးသူလက်စွဲများကို လိုက်နာရမည်။

၃၉။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် –

(က) လုပ်ငန်းပိုင်ရှင် သို့မဟုတ် စစ်ဆေးရန် တာဝန်ပေးအပ်သည့် အဖွဲ့အစည်းထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလတွင် အရည်အသွေးစစ်ဆေးခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ်မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၄၀။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း(၁၀)
## တတိယအဖွဲ့အစည်း

၄၁။ တတိယအဖွဲ့အစည်းအဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံး ပါဝင်ရမည်။

(ခ) ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်နှင့် အကြီးတန်းဗိသုကာလိုင်စင် သို့မဟုတ် ဗိသုကာလိုင်စင်ရရှိသူများ ပါဝင်ရမည်။

(ဂ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၄၂။ ဦးစီးဌာနသည် ပုဒ်မ ၄၁ အရ လျှောက်ထားချက်ကို ရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၄၃။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၄၂ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၄၄။ တတိယအဖွဲ့အစည်းသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

၄၅။ တတိယအဖွဲ့အစည်းသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် –

(က) လုပ်ငန်းပိုင်ရှင် သို့မဟုတ် စစ်ဆေးရန်တာဝန်ပေးအပ်သည့် အဖွဲ့အစည်းထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆို၍ ဗိသုကာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းများ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးအတည်ပြုခြင်း၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလတွင် တည်ဆောက်မှုလုပ်ငန်းစဉ်နှင့် အရည်အသွေး ပြည့်မီမှု ရှိ မရှိ စစ်ဆေးအတည်ပြုခြင်း၊

(ခ) လုပ်ငန်းနယ်ပယ်အလိုက် ဒီဇိုင်းပုံစံများ စံချိန်စံညွှန်းများနှင့် မကိုက်ညီခြင်း၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ် မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၄၆။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် တတိယအဖွဲ့အစည်းအဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုး လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၁၁)
## အရည်အသွေးထောက်ခံချက်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၄၇။ ပြည်ပမှတင်သွင်းလာသော တည်ဆောက်ရေးပစ္စည်းများ သို့မဟုတ် ပြည်တွင်း ထုတ်လုပ်သော တည်ဆောက်ရေးပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေးထောက်ခံချက်လက်မှတ် လျှောက်ထားလိုသည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် အောက်ပါ အထောက်အထားများ ပူးတွဲ၍ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရမည် –

(က) စမ်းသပ်စစ်ဆေးမည့် တည်ဆောက်ရေးပစ္စည်းနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများ၊ စာရွက်စာတမ်းအထောက်အထားအပြည့်အစုံ၊

(ခ) စမ်းသပ်စစ်ဆေးမည့် ပစ္စည်းနမူနာ၊ လိုအပ်သည့်အတိုင်းအတာအရေအတွက်၊

(ဂ) စစ်ဆေးစမ်းသပ်သည့် အဖိုးအခပေးသွင်းပြီးကြောင်း အထောက်အထား။

၄၈။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် လျှောက်လွှာလက်ခံရရှိလျှင် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန် အသိအမှတ်ပြုလွှာရရှိသည့် ဓာတ်ခွဲခန်းသို့ ပစ္စည်းနမူနာ ပေးပို့ရမည်။

၄၉။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် အသိအမှတ်ပြုလွှာရရှိသည့် ဓာတ်ခွဲခန်း၏ အရည်အသွေးပြည့်မီကြောင်း အစီရင်ခံစာအပေါ် စစ်ဆေးပြီး အရည်အသွေး ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## တည်ဆောက်ရေးလုပ်ငန်းများလျှောက်ထားခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း

၅၀။ (က) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၉ ထပ်မှ ၁၂ ထပ် သို့မဟုတ် အမြင့် ၁၀၀ ပေ မှ ၁၄၀ ပေအထိ မြင့်သည့်အဆောက်အအုံ သို့မဟုတ် အမြင့် ၄၀ ပေ မှ ၆၈ ပေ အထိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံး အဆောက်အအုံ ဆောက်လုပ်လိုသူသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ သက်ဆိုင်ရာ ဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီစိစစ်ပြီး ခွင့်ပြုလိုပါက ဒေသဆိုင်ရာကော်မတီသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်အား တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့် ဥပဒေနှင့်အညီစိစစ်ပြီး ငြင်းပယ်လိုပါက လျှောက်ထားသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုပါက မိမိ၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ပေးပို့၍ လျှောက်ထားချက်ကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းထားရမည်။ ငြင်းပယ်ပါက လျှောက်ထားချက်နှင့်တကွ မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ရမည်။

(င) သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် ပုဒ်မခွဲ (ဃ) အရ ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ကို မိတ္တူကူးယူ၍ မိမိထံတွင်မှတ်တမ်းတင်သိမ်းဆည်းပြီး ခွင့်ပြုချက်မူရင်းကို လျှောက်ထားသူအားပေးပို့ခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်မိတ္တူကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ဆုံးဖြတ်ချက်မူရင်းကို လျှောက်ထားသူအား ပေးပို့ရမည်။

၅၁။ (က) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၁၂ ထပ် အထက် သို့မဟုတ် အမြင့် ၁၄၀ ပေ အထက် မြင့်သည့် အဆောက်အအုံ၊ အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် ကျယ်ဝန်းသည့် အများပြည်သူသုံးအဆောက်အအုံ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံ သို့မဟုတ် အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံဆောက်လုပ်လိုသူသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ သက်ဆိုင်ရာဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီ စိစစ်ပြီးခွင့်ပြုလိုပါက ဒေသဆိုင်ရာကော်မတီသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်အား တင်ပြရမည်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

(ဂ) ပုဒ်မခွဲ (က) အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီစိစစ်ပြီး ငြင်းပယ်လိုပါက လျှောက်ထားသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိပါကစိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်ကို ဗဟိုကော်မတီသို့ တင်ပြရမည်။

(င) ဗဟိုကော်မတီသည် ပုဒ်မခွဲ (ဃ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် ဦးစီးကော်မတီအား အဆိုပါလျှောက်ထားချက်အပေါ်ခွင့်ပြုရန် သင့် မသင့် စိစစ်တင်ပြရန် တာဝန်ပေးအပ်ရမည်။

(စ) ဦးစီးကော်မတီသည် ပုဒ်မခွဲ (င) အရ တာဝန်ပေးအပ်ခြင်းခံရပါကစိစစ်ပြီး ခွင့်ပြုရန် သင့် မသင့် မိမိ၏သဘောထားမှတ်ချက်ကို လျှောက်ထားချက်နှင့်အတူ တင်ပြရမည်။

(ဆ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (စ) အရ ဦးစီးကော်မတီက ခွင့်ပြုသင့်ကြောင်းတင်ပြလျှင် လျှောက်ထားချက်ကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး မိမိ၏ခွင့်ပြုချက်ကို ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ရမည်။ ငြင်းပယ်ပါက လျှောက်ထားချက်နှင့်အတူ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို ဒေသဆိုင်ရာကော်မတီမှ တစ်ဆင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ရမည်။

(ဇ) သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် ပုဒ်မခွဲ (ဆ) အရ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို မိတ္တူကူးယူ၍ မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ခွင့်ပြုချက်မူရင်းကို လျှောက်ထားသူအား ပေးပို့ခြင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်မိတ္တူကို မိမိထံတွင် မှတ်တမ်းတင် သိမ်းဆည်းပြီး ဆုံးဖြတ်ချက်မူရင်းကို လျှောက်ထားသူအား ပေးပို့ရမည်။

၅၂။ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၉ ထပ်အောက် သို့မဟုတ် အမြင့်ပေ ၁၀၀ အောက် အဆောက်အအုံ သို့မဟုတ် ဧရိယာ ၁၀၀၀၀ စတုရန်းပေအောက် အများပြည်သူသုံးအဆောက်အအုံ ဆောက်လုပ်လိုသူသည် သက်ဆိုင်ရာစည်ပင်သာယာရေးဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်သည်။

**အခန်း (၁၃)**

**တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း**

၅၃။ ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီက တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန် လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းများကို –

(က) ဗိသုကာနှင့် ဒီဇိုင်းပုံစံများကို လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲထားခြင်း ရှိ မရှိ စစ်ဆေးရမည်။

(ခ) အရည်အသွေးထောက်ခံချက်လက်မှတ်ရရှိထားသော တည်ဆောက်ရေးပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း ရှိ မရှိနှင့် သတ်မှတ်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အညီ တည်ဆောက်ထားခြင်း ရှိ မရှိ စစ်ဆေးရမည်။

(ဂ) တည်ဆောက်ဆဲ သို့မဟုတ် တည်ဆောက်ပြီးသည့် အခြေခံအဆောက်အအုံ သို့မဟုတ် အများပြည်သူသုံးအဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းပြီး သတ်မှတ်အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးရမည်။

(ဃ) တည်ဆောက်ရေးနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၊ လုပ်ငန်းအပ်နှံခံရသည့် တည်ဆောက်သူ၊ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တတိယအဖွဲ့အစည်းတို့က လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ရမည်။

၅၄။ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နိုင်ငံတော်အဆင့်အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းကြီးများ၊ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ၁၂ထပ်အထက် သို့မဟုတ် အမြင့် ၁၄၀ ပေ အထက် အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို တတိယအဖွဲ့အစည်းကိုအပ်နှံ၍ စစ်ဆေးခြင်းဆောင်ရွက်ရမည်။

**အခန်း (၁၄)**

**စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရအရေးယူခြင်း**

၅၅။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် တားမြစ်ချက်များမှအပ ဤဥပဒေအရ ထုတ်ပြန်သော စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည့် မည်သည့်မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူမဆို သို့မဟုတ် မည်သည့်ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သူ မဆို အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် –

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

**အခန်း (၁၅)**

**အယူခံခြင်း**

၅၆။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၅၇။ (က) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၅၆ အရ တင်ပြသည့် အယူခံလျှောက်ထားချက်အပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၁၆)**

**တားမြစ်ချက်များ**

၅၈။ မည်သည့်တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တတိယအဖွဲ့အစည်းမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

၅၉။ မည်သူမျှ တည်ဆောက်ရေးလုပ်ငန်းအတွက် ခွင့်ပြုချက်ရရှိရန် တင်ပြရာတွင် မမှန်ကန်သည့် အထောက်အထားများ တင်ပြလျှောက်ထားခြင်းမပြုရ။

၆၀။ မည်သူမျှ အဆောက်အအုံတည်ဆောက်ရာတွင် မူလခွင့်ပြုသတ်မှတ်ထားသည့် ဒီဇိုင်းပုံစံပါ အထပ်အမြင့် သို့မဟုတ် အထပ်အရေအတွက်ထက်ကျော်လွန်၍ တည်ဆောက်ခြင်းမပြုရ။

၆၁။ မည်သူမျှ အရည်အသွေးထောက်ခံချက်လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၆၂။ မည်သည့်အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့မျှ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် မကိုက်ညီသည့် အကြံဉာဏ်ပေးခြင်း၊ စီမံခန့်ခွဲခြင်းမပြုရ။

၆၃။ မည်သည့်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယအဖွဲ့အစည်းမျှ တည်ဆောက်ရေးလုပ်ငန်းစစ်ဆေးရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိဘဲ စစ်ဆေးအတည်ပြုခြင်း သို့မဟုတ် အရည်အသွေးပြည့်မီကြောင်း ထောက်ခံခြင်းမပြုရ။

၆၄။ မည်သည့်တည်ဆောက်သူမျှ အရည်အသွေးပြည့်မီခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိသော မိမိဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီးအဆောက်အအုံ သို့မဟုတ် မည်သည်ကိုမဆို အရည်အသွေးပြည့်မီအောင် ပြင်ဆင်တည်ဆောက်ခြင်းမပြုဘဲ လုပ်ငန်းပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၆၅။ မည်သူမျှဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာအဆောက်အအုံ၊ ၁၂ ထပ်အထက် သို့မဟုတ် အမြင့် ၁၄၀ ပေအထက်မြင့်သည့် အဆောက်အအုံ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက်အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် ကျယ်ဝန်းသည့် အများပြည်သူသုံး အဆောက်အအုံ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံ သို့မဟုတ် အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံကို တည်ဆောက်ခြင်းမပြုရ။

၆၆။ မည်သူမျှဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ၉ ထပ်မှ ၁၂ ထပ်အထိ သို့မဟုတ် အမြင့် ၁၀၀ ပေ မှ ၁၄၀ ပေအထိ မြင့်သည့်အဆောက်အအုံ သို့မဟုတ် အမြင့် ၄၀ ပေ မှ ၆၈ ပေ အထိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံး အဆောက်အအုံကို တည်ဆောက်ခြင်းမပြုရ။

၆၇။ မည်သည့်ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ တည်ဆောက်သူ၊ လုပ်ငန်းခွင်ကြီးကြပ်သူမျှ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများ အောက်လျော့နည်း၍ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ အရည်အသွေးထောက်ခံချက် လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းအား အသုံးပြုတည်ဆောက်ခြင်းမပြုရ။

**အခန်း (၁၇)**

**ပြစ်ဒဏ်များ**

၆၈။ မည်သူမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ်သုံးနှစ်ထိဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ်သုံးနှစ်ထိဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ်သုံးနှစ် ချမှတ်ရမည့်အပြင် ကျပ်သိန်း ၂၀၀ ထက်မပိုသောငွေဒဏ်နှင့် မူလခွင့်ပြုသတ်မှတ် ဒီဇိုင်းပုံစံထက် ကျော်လွန်တည်ဆောက်ထားခြင်းအား ဖျက်သိမ်းစေရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ် ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်းချမှတ်ရမည်။ စစ်ဆေးတွေ့ရှိသော အရည်အသွေးထောက်ခံချက်မရရှိသည့် တည်ဆောက်ရေးပစ္စည်းများကိုလည်း နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းခြင်းခံရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံးငါးနှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ထိဖြစ်စေ၊ အရည်အသွေးလျော့နည်းဆောင်ရွက်ခဲ့သည့် အဆောက်အအုံကို ပြန်လည်ပြုပြင်ရမည့်တန်ဖိုး၏ နှစ်ဆနှင့် ညီမျှသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ် ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၅ နှင့် ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ထိဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ပြီးစီးသွားသည့် အဆောက်အအုံတန်ဖိုး၏ ၃၀% ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၆၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ အဆောက်အအုံအား အရည်အသွေးပြည့်မီအောင်ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် အဆိုပါပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်းတန်ဖိုးနှင့်ညီမျှသော လျော်ကြေးငွေကို နစ်နာသူအား ပေးဆောင်ခြင်းပြုရမည်။

၇၇။ မည်သူမဆို မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများအောက်လျော့နည်း၍ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ အရည်အသွေးထောက်ခံချက်လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းအား အသုံးပြုတည်ဆောက်ခြင်းကြောင့် အဆိုပါ အဆောက်အအုံသည် မမျှော်မှန်းနိုင်သောကိစ္စရပ်မှအပ သတ်မှတ်သက်တမ်းမတိုင်မီ ပျက်စီးယိုယွင်းကြောင်း၊ ပြိုကျပျက်စီးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်၍ အဆောက်အအုံအား အရည်အသွေးပြည့်မီအောင်ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် အဆိုပါပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်းတန်ဖိုးနှင့်ညီမျှသော လျော်ကြေးငွေကို နစ်နာသူအား ပေးဆောင်ခြင်းပြုရမည်။

*စာမျက်နှာ ၁၄ သို့*

*စာမျက်နှာ ၁၃ မှ*

**အခန်း (၁၈)**

**အထွေထွေ**

၇၈။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိရှိသူမည်သူမဆို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ တိုင်ကြားနိုင်သည်။

၇၉။ ပုဒ်မ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂ ၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆ သို့မဟုတ် ၇၇ အရ တရားစွဲဆိုရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာဖြင့် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တာဝန်ပေးအပ်သည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သောအရာရှိက တရားလိုပြုလုပ်၍ တရားစွဲဆိုရမည်။

၈၀။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းသဘာဝအလိုက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၈၁။ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နောက်ဆုံးထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်စံချိန် စံညွှန်းများ၊ ဆောက်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲခြင်းဆိုင်ရာ စည်းမျဉ်းများ၊ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈၂။ ဗဟိုကော်မတီသည် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ ထောက်ပံ့သော ငွေကြေး၊ နည်းပညာ၊ စက်ကိရိယာနှင့် အခြေခံအဆောက်အဦအပါအဝင် ထောက်ပံ့ကူညီမှုများကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

၈၃။ ဤဥပဒေအရဖွဲ့စည်းမည့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့်အဖွဲ့တို့တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကျွမ်းကျင်ပညာရှင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၈၄။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို တာဝန်ပေးအပ်ခြင်းခံရသည့် ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ၎င်း၏ တာဝန်ထမ်းဆောင်စဉ် သဘောရိုးဖြင့် ဆောင်ရွက်ခြင်းအတွက် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မရှိစေရ။

၈၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာရုံးများတွင် Quick Win အစီအစဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုလှည့်လည်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာရုံးများတွင် Quick Win အစီအစဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ စစ်တွေမြို့ ဦးဥတ္တမပန်းခြံအဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က ဦးဥတ္တမပန်းခြံသို့ ယာဉ်အဝင်အထွက် ကောင်းမွန်စေရေး၊ ကောင်းမွန်သော ဒီဇိုင်းပုံစံဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားပြီး မုခ်ဦးတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် စက်ရုံလမ်းအပိုင်း(၃) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် စစ်ကဲလမ်း၊ ဆတ်ရိုးကျချောင်း Life တံတားမှ စက်ရုံလမ်းအထိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စစ်တွေမြို့ လျှပ်စစ်ခွတ်အားခွဲရုံ၌ လျှပ်စစ်ပစ္စည်းများထားသိုမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်နယ်ပညာရေးမှူးရုံး၌ Quick Win အစီအစဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရုံး၌ Quick Win အစီအစဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

**၄ - ၂ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အကြို Project ပြပွဲ(2026)သို့ တက်ရောက်

**တောင်ကြီး ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် အေးသာယာမြို့ နည်းပညာတက္ကသိုလ်(တောင်ကြီး) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် (၇၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့အကြို Project ပြပွဲ (2026) အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ် (တောင်ကြီး) ကို ၁၉၉၂ ခုနှစ်တွင် စက်မှုလက်မှုသိပ္ပံအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီးအစိုးရနည်းပညာကောလိပ်၊ နည်းပညာတက္ကသိုလ် စသည်ဖြင့် အဆင့်မြှင့်တင်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း (၃၄) နှစ်ရှိပြီဖြစ်ပြီး အင်ဂျင်နီယာ/ မဟာဘွဲ့ရနှင့် ကျွမ်းကျင်ပညာရှင်ပေါင်း ၇၀၈၀ အထိ မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်တစ်ခုဖြစ်ပါကြောင်း၊ နည်းပညာတက္ကသိုလ် (တောင်ကြီး) တွင် ဘွဲ့ကြို နှင့်ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၁၅၃၄ ဦးနှင့် Polytechnic University (လားရှိုး) အင်ဂျင်နီယာဌာနမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၁၅၅၉ ဦးခန့် တက်ရောက်ပညာသင်ကြားနေကြောင်း သိရှိရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ မောင်မယ်သစ်လွင်အားလုံးကို ကြိုဆိုပါကြောင်းနှင့် AI ခေတ်သစ်တွင် တန်ဖိုးရှိသော အင်ဂျင်နီယာ လူငယ်များအဖြစ် အောင်မြင်မှုများရအောင် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၇၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့အကြို Project ပြပွဲ(2026)ကို လှည့်လည်ကြည့်ရှုသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က (၇၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြည့်ရှုပြီး ဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

○ *ကျောဖုံးမှ*

အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ထို့ပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နောက်တစ်ဆင့်တက်ရောက်ထားပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း စတုတ္ထအဆင့် တက်လှမ်းထားနိုင်သည်။

ပထမအကျော့တွင် ရှုံးနိမ့်ထားသော ချယ်ဆီးအသင်းသည် ယခုဒုတိယအကျော့တွင် အာဆင်နယ်အသင်းကို ပြတ်သားသောရလဒ်ဖြင့် နိုင်ပွဲရရှိရေး အားစိုက်ကစားလာသော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်သွင်းယူမှုပိုင်း အားနည်းချက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် မန်စီးတီးနှင့် နယူးကာဆယ်အသင်းတို့ထဲမှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို လာမည့်မတ်လ ၂၂ ရက်တွင် နာမည်ကြီး ဝင်ဘလေကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**အောင်ဇော်**

# နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့် စိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အကူပြုနိုင်မည့် ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း

ဝင်းမိုးအောင်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များကို အကောင်အထည်ဖော်သည့် အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုနိုင်ရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာလျက်ရှိပါသည်။

ထို့အပြင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေပေးဝေရန် ဆည်ရေသောက်စနစ် ဆောင်ရွက်ရေး လမ်းညွှန်ချက်အရ စူးစမ်းလေ့လာတိုင်းတာခဲ့ပြီး ဇော်ဂျီရေလှောင်တမံ၌ နမ့်အက်ချောင်းပေါ်တွင် ကျိုင်းခမ်းရေလှောင်တမံအား တည်ဆောက်၍ ဧကပေ ၃၅၀၀၀၀ ခန့် ဆည်ရေသိုလှောင်ပြီး လျှပ်စစ်တပ်ဆင်ဓာတ်အား ၁၀ မဂ္ဂါဝပ် ( ၅ မဂ္ဂါဝပ် x ၂လုံး) ဖြင့် နှစ်စဉ် လျှပ်စစ်စွမ်းအား ၂၄ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လွှတ်နိုင်ရန်၊ အောက်ဘက်ရှိ တည်ဆောက်ပြီးဖြစ်သော ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့ကို ရေကူဖြည့်တင်းပေးခြင်းဖြင့် ယင်းရေလှောင်တမံနှစ်ခုက နှစ်စဉ်ထုတ်လွှတ်လျက်ရှိသော လျှပ်စစ်စွမ်းအားထက် ပိုမိုတိုးမြှင့် ထုတ်လွှတ်ပေးနိုင်ရန်၊ ဇော်ဂျီရေလှောင်တမံ ဆည်ရေသောက်နှင့် မြို့ကြီးရေလှောင်တမံ ဆည်ရေသောက်စနစ်တို့အား စိုက်ပျိုးရေ လုံလောက်စွာ ဖြည့်တင်းပေးနိုင်ရန် ရည်ရွယ်၍ ကျိုင်းခမ်းရေလှောင်တမံကို တည်ဆောက်ခဲ့ပါသည်။



❖ ကျိုင်းခမ်းရေလှောင်တမံမှ သိုလှောင်ရေများအား ဇော်ဂျီနှင့် မြို့ကြီးရေလှောင်တမံ နှစ်ခုသို့ ရေကူဖြည့်တင်းပေးနိုင်ခြင်းဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လယ်မြေဧရိယာများ နွေစပါး၊ မိုးစပါးများ နှစ်သီး၊ သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်၍ တောင်သူလယ်သမားများ၏ စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ရာ မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့သော မိတ္ထီလာလွင်ပြင်တစ်ခုလုံး စိမ်းလန်းစိုပြည်လာစေမည်ဖြစ်

ကျိုင်းခမ်းရေလှောင်တမံမှ အောက်ဘက်ရှိ တည်ဆောက်ပြီးဖြစ်သော ဇော်ဂျီ ရေလှောင်တမံသို့ ၁၄ မိုင်အရှည် ဆက်သွယ်မြောင်းမှတစ်ဆင့် ရေကူဖြည့်သွင်းပေးနိုင်မည်ဖြစ်ပြီး အလားတူ ဇော်ဂျီရေလှောင်တမံမှ အသုံးပြုထုတ်လွှတ်ရေကို အောက်ဘက်ရှိ မြို့ကြီးရေလှောင်တမံသို့ ဇော်ဂျီမြစ်မှတစ်ဆင့် ဆက်လက်ရေကူဖြည့်သွင်းပေးနိုင်ခြင်းဖြင့် ဇော်ဂျီရေသောက်စနစ်ရှိ လယ်မြေဧရိယာ ဧက ၈၀၀၀ ခန့်နှင့် ကင်းတားလက်ယာမြောင်း ရေသောက်စနစ်ရှိ လယ်မြေဧရိယာ ဧက ၃၉၀၀၀ ခန့် စုစုပေါင်း ဧက ၁၂၀၀၀၀ ခန့်အား စိုက်ပျိုးရေ လုံလောက်စွာ ဖြည့်တင်းပေးဝေနိုင်ရန်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာလွင်ပြင်ဒေသရှိ လယ်ယာမြေများသို့ စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်း၊ မက်မီး၊ ဟိုနား ကျေးရွာများအနီးရှိ နမ့်အက်ချောင်းပေါ်တွင် အလျားပေ ၁၄၁၀၀၊ အမြင့် ၁၅၄ပေရှိသောမြေသား တမံကို ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်၍ တည်ဆောက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလတွင် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။



သို့ဖြစ်၍ ကျိုင်းခမ်းရေလှောင်တမံမှ လျှပ်စစ်စွမ်းအား ၁၀ မဂ္ဂါဝပ် (၅မဂ္ဂါဝပ် x ၂ လုံး) ဖြင့် လျှပ်စစ်စွမ်းအား ၂၄ ကီလိုဝပ်နာရီသန်းပေါင်းကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ နှစ်စဉ်ချိတ်ဆက် ပို့လွှတ်နိုင်မည်ဖြစ်ပြီး ဇော်ဂျီရေလှောင်တမံမှ မူလထုတ်လွှတ်နိုင်မှု ကီလိုဝပ်နာရီသန်းပေါင်း ၃၀ အပြင် ၁၇ ကီလိုဝပ်နာရီသန်းပေါင်းကိုလည်းကောင်း၊ မြို့ကြီးရေလှောင်တမံမှ မူလထုတ်လွှတ်နိုင်မှု ၁၃၅ ဒသမ ၇၀ ကီလိုဝပ်နာရီ သန်းပေါင်းအပြင် ၄၄ ဒသမ ၃၀ ကီလိုဝပ်နာရီသန်းပေါင်းကိုလည်းကောင်း ပိုမိုတိုးမြှင့်ထုတ်လွှတ်နိုင်မည်ဖြစ်သဖြင့် စုစုပေါင်း ရေလှောင်တမံသုံးခုမှ၈၅ ဒသမ ၃၀ ကီလိုဝပ်နာရီသန်းပေါင်းကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ နှစ်စဉ်ချိတ်ဆက် ပို့လွှတ်နိုင်မည်ဖြစ်ပါသည်။

ထို့အတူ ကျိုင်းခမ်းရေလှောင်တမံမှ သိုလှောင်ရေများအား ဇော်ဂျီနှင့် မြို့ကြီးရေလှောင်တမံ နှစ်ခုသို့ ရေကူဖြည့်တင်းပေးနိုင်ခြင်းဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လယ်မြေဧရိယာများ နွေစပါး၊ မိုးစပါးများ နှစ်သီး၊ သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်၍ တောင်သူလယ်သမားများ၏ စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ရာ မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့သော မိတ္ထီလာလွင်ပြင်တစ်ခုလုံး စိမ်းလန်းစိုပြည်လာစေမည်ဖြစ်ပါသည်။

ထို့အပြင် နမ့်အက်ချောင်းရေကိုသာသောက်သုံးရေအတွက် အဓိကအသုံးပြုကြသော ကျိုင်းခမ်းကျေးရွာအုပ်စု ကျေးရွာသုံးရွာ သောက်သုံးရေနှင့် လယ်မြေဧရိယာ ဧက ၃၅၀ စိုက်ပျိုးရေများ ရာသီမရွေးရရှိစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားလျက်ရှိပြီး နမ့်အက်ချောင်းပိတ်၍ စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း ကျိုင်းခမ်းကျေးရွာအုပ်စု ရေရရှိရေး ယာယီရေတားတာနှင့် ရေပေးမြောင်းဖောက်၍ ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျိုင်းခမ်းရေလှောင်တမံကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလတွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်ရေးနှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် နိုင်ငံတော်ဓာတ်အားလိုင်းသို့ ချိတ်ဆက်ပို့လွှတ်နိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကျိုင်းခမ်းရေလှောင်တမံသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၄၇ ခုမြောက် တမံအဖြစ် ပေါ်ပေါက်လာပြီဖြစ်ပါသည်။ ။

---

◆ *ကျောဖုံးမှ*

အလားတူ နံနက် ၈ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၁ နာရီအထိ မိုင်းဖြတ်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းဖြတ်မြို့နယ် လန်းဆတ်ကျေးရွာအုပ်စု မိုင်းညှင်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၄၅ ဧကခန့်ကို လည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် လုံပေါးကျေးရွာအုပ်စု ထီမောက်လွတ်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၉ ဧကခန့်ကိုလည်းကောင်း။

အလားတူ နံနက် ၉ နာရီ မိနစ် ၂၀ မှ ညနေ ၄ နာရီခွဲအထိ တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့နယ် မိုင်းလင်း(အနောက်)ကျေးရွာအုပ်စု ခမ်းရှန်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၃၅ဧကခန့်ကိုလည်းကောင်း။

အလားတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု၊ ထီတယမ်းကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၅ ဧကခန့်ကိုလည်းကောင်း။

အလားတူ နံနက် ၉ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီခွဲအထိ ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းမျာ ပါဝင်သော ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ပါခါး(အောက်) ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ကိုးဧကခန့်ကိုလည်းကောင်း။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၂နာရီ မိနစ် ၄၀ အထိ မိုင်းဆတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု ခကြွားတိုကျေးရွာ၊ ကျအူဖုရားကျေးရွာနှင့် ဖားကျူးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၅၃ဧကခန့်ကိုလည်းကောင်း။

အလားတူ နံနက် ၁၁ နာရီအမှ ညနေ ၅ နာရီအထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် လိမ်းညားကျေးရွာအုပ်စု လိန်းဗွာကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၅၂ ဧကခန့်ကိုလည်းကောင်း။

ထို့အတူ နံနက် ၁၁ နာရီ ၁၅ မိနစ်မှ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ အထိ မိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းတုံမြို့နယ် လွယ်ခမ်းလုံကျေးရွာအုပ်စု နောင်လဲကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ရှစ်ဧကခန့်ကိုလည်းကောင်း အသီးသီး ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဓာတုဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာ ရဲမြင့်အောင်၊ ပါမောက္ခ (ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၆ ခုနှစ်၊ မတ်လမှာ ကျင်းပမည့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ မေးခွန်း(၁)စုံကို နမူနာပေး၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုမှုကို လေ့လာစေလိုပါတယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံသည် ၂၀၂၄၊ ၂၀၂၅ Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံအတိုင်း–

Section A နဲ့ Section B ဆိုပြီး အပိုင်း ၂ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/FALSE, Fill in the blanks, နှင့် Multiple choice questions (MCQs) တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ ၁ မှတ်တန် မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုး ဖြေဆိုရပါမယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်း **နံပါတ် ၁ TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင် ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် ၄ ခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု** သာလျှင် ရွေးချယ်ရေးပေးရန် ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန် မလိုပါ။ အဖြေမှန်တစ်ခုထက်ပိုရေးမိလျှင် အမှတ်မရနိုင်ပါ။

Section B မေးခွန်း **နံပါတ် ၄** မှာ ၅ မှတ်တန် **Short and Medium Questions** ပုဒ်ခွဲ ၅ ပုဒ် ပါဝင်မှာဖြစ်ပါတယ်။ ပုဒ်ခွဲ ၅ ပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ၅ ပုဒ်ထဲက အခန်း(၇) **Environmental Chemistry** ကို ပုဒ်ခွဲတစ်ခုမှာ **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅၊ ၆၊ ၇ မှာ ၅ မှတ်တန် **Structured, Short and Medium Questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ မှာတော့ **Physical Chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ မေးခွန်း **နံပါတ် ၆** ၏ ပုဒ်ခွဲတစ်ပုဒ်မှာ **Organic Chemistry** အပိုင်းကို **OR** ခံ မေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ပုဒ်ခွဲတစ်ခုသည် **Inorganic Chemistry** အပိုင်းကို **OR** ခံ မေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်း အမှတ် ၉၀ ဖိုးမှ အမှတ် ၇၀ ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာ မေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ၈ ခန်းလုံးကို သေသေချာချာ ဖတ်ရှုလေ့လာထားစေလိုပါတယ်။

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATIONS**

**CHEMISTRY** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER IN THE ANSWER BOOKLET**

**The symbols in this paper have their usual significance**

**SECTION (A)**

**(Answer ALL questions)**

**1. Write TRUE or FALSE for each of the following statements. (10 marks)**

(a) Condensation polymers often have higher molecular masses than addition polymers.
(b) The formation of the product is favoured by high temperature in an endothermic reaction.
(c) The octet rule does not apply to d-block elements.
(d) When heat is transferred to a system at constant pressure, the enthalpy of the system decreases.
(e) The rate of a reaction depends on the enthalpy of the reaction.
(f) Light atoms vibrate at higher frequencies than heavy atoms.
(g) Volatile organic compounds lead to the formation of smog.
(h) In water molecules, hydrogens are partially positive and oxygen is partially negative.
(i) The colours of all 3d transition elements are silvery –white.
(j) A radionuclide is an atom with an unstable nucleus which has excessive energy.

**2. Fill in the blanks with the correct word(s), notation(s), terms(s), unit(s), etc., as necessary. (10 marks)**

(a) The enthalpy changes for the combustion reactions are always _____.
(b) Ethanol is oxidised by atmospheric oxygen in the presence of _____.
(c) Prolonged exposure to radon gas can cause _____.
(d) If the $K_{eq}$ value is _____, the equilibrium lies to the left.
(e) For a gaseous reaction, the rate of a reaction may be expressed in the unit, _____.
(f) _____ forces exist between the layers of carbon atoms in graphite.
(g) Titanium(IV) chloride is used for the manufacturing of high-density _____ in industries.
(h) In general, the ions of transition elements have an electronic configuration of _____.
(i) Acids and bases differ greatly based on their _____.
(j) At low temperature, additional polymers lose plasticity and elasticity and become _____.

**3. Choose the best answer for each question given in the following. (10 marks)**

(a) Amino acids are connected in a chain by what type of bond?
A. Covalent B. Ionic C. Metallic D. Hydrogen
(b) In nature, the most stable form of carbon is _____.
A. diamond B. graphene C. graphite D. coal
(c) Which of the following pairs has the same molecular geometry?
A. $CH_4$ and $SF_4$ B. $NH_4^+$ and $SF_4$ C. $CH_4$ and $NH_4^+$ D. None of these
(d) When two electrons are in the same orbital, which property must be different for them to comply with Pauli's exclusion principle?
A. Mass B. Spin C. Charge D. Energy
(e) Which one of the following substances acts as a catalyst?
A. Carbohydrates B. Lipids C. Enzymes D. Nucleic acids
(f) _____ has the highest penetrating power.
A. Alpha particle B. X-ray C. Beta particle D. Gamma ray
(g) The number of unpaired electrons present in the $Cu^+$ ion is _____.
A. one B. two C. zero D. three
(h) Which element is always present in Arrhenius acid?
A. Hydrogen B. Oxygen C. Nitrogen D. None of these
(i) What is the impact of ocean acidification on marine life?
A. Enhanced coral rise B. Increased fish pollution
C. Reduced sea level rise D. Harm to shellfish and coral
(j) _____ does not affect the state of the equilibrium position.
A. Temperature B. Pressure C. Concentration D. Colour

**SECTION (B)**

**4. Answer All questions. (25 marks)**

(a) (i) Which type of molecules can accept an electron pair from a molecule bearing a lone pair of electrons? Give two examples of this type of molecule.
(ii) What does the type of chemical bonding depend on?
(iii) Name of forces that can be found in all substances.
(b) (i) How does light affect the rate of a reaction?
(ii) When 8.0 g of sodium chloride is dissolved in 40 $cm^3$ of water, the temperature falls to 20.5 °C from 22.0 °C. Calculate the energy absorbed by the solution when sodium chloride dissolves. Answer with three significant figures. (c = 4.18 J $g^{-1}$ $°C^{-1}$, Na = 23, Cl = 35.5)
(iii) What are the units of the rate of reaction?
(c) (i) In the reaction, $2\,A(aq) \rightarrow 4B(aq) + C(aq)$, the decomposition of compound A at 300 K in a solution with constant volume can be followed by monitoring the concentration of A. Initially (at t = 0), the concentration of A is 2.00 mol $dm^{-3}$, and after 120 s, it is reduced to 1.76 mol $dm^{-3}$. Calculate the rate of the reaction.
(ii) Classify each equilibrium system as either homogeneous or heterogeneous. Give reasons.
(A) $2Hg(l) + O_2(g) \rightleftharpoons 2HgO(s)$ (B) $2\,HF(g) \rightleftharpoons H_2(g) + F_2(g)$
(d) (i) Give the long forms of the following recycling symbols that are mentioned on plastic products. PETE/PET, HDPE, PP
(ii) How are the biodegradable plastics made?
(iii) What gas is produced during the combustion of PVC?
(e) (i) What are the sources of excess nitrogen and phosphorus in the ecosystem?
(ii) Define the term "Green technology."
(iii) How do the persistent organic pollutants harm the environment?

OR

(e) (i) Which fissile heavy atoms are used as fuels instead of fossil fuel in a nuclear reactor?
(ii) Give the uses of caesium–137 radionuclide.
(iii) What are the advantages of using plant–based insecticidal soap?

**5. Answer All questions. (15 marks)**

(a) (i) Why are the divalent ions of $Co_2+$, $Ni_2+$, $Cu_2+$ and $Zn_2+$ poor reducing agents?
(ii) What is meant by ferromagnetic? Give three examples of ferromagnetic substances.
(iii) Name the transition metal catalyst that is used for the Contact process.
(b) (i) Which spectroscopy is used to identify the functional groups of organic compounds?
(ii) How do you tell if a compound is an aldehyde or a ketone by using Fehling's test?
(iii) Sketch the structure of 2, 4–DNP.
(c) (i) Describe the acid–base properties of water in the Brønsted–Lowry framework.
(ii) Calculate the concentration of hydroxide ions which are runoff from a coal mine with a hydrogen ion concentration of 1.2 x $10^{-4}$ mol $dm^{-3}$. Is this solution acidic, basic, or neutral?

OR

(c) (i) What are the conjugate acids for the bases, $NH_2^-$, $NH_3$, and $CH_3COO$–?
(ii) Calculate the pH of a buffer solution containing 0.10 mol of methanoic acid ($pK_a$ = 3.8) and 0.01 mol of sodium methanoate per $dm^3$.

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

6. **Answer All questions.** **(15 marks)**

(a) (i) What type of alcohol can be used to prepare propanone? Explain with the relevant equation. Describe the uses of acetone.

(ii) Give the structures of the following compounds.

(A) 3,3–dimethylbutanal (B) 4–hydroxy–2,2–dimethylbutanoic acid

OR

(a) (i) What carboxylic acids and alcohols would you use to make the following esters?

(A) butyl methanoate (B) propyl propanoate

(ii) The boiling point of ether is much lower than alcohol of similar molecular mass. Why?

(b) (i) Why can transition metal compounds form coloured ions in an aqueous solution?

(ii) What are the metallic properties of the transition elements?

(iii) Which element in the 3d transition series has the highest possible oxidation state?

(c) (i) How would you control the temperature to obtain more HCl in the given equilibrium?

$2Cl_2(g) + 2\,H_2O(g) \rightleftharpoons 4\,HCl(g) + O_2\,(g)$ $\Delta H = (+)$

(ii) Hydrogen sulphide gas decomposes to form hydrogen and diatomic sulphur gaseous molecules, $S_2$, at 1405 K. The equilibrium constant for the reaction is $2.270 \times 10^{-3}$. If the concentrations of $S_2$ and $H_2S$ are 0.054 mol $dm^{-3}$ and 0.184 mol $dm^{-3}$, how much of the concentration of hydrogen gas would be produced?

7. **Answer All questions.** **(15 marks)**

(a) (i) Predict the shape of the $H_2O$ molecule in terms of Lewis structure, and VSEPR model. What will be the bond angle of H–O–H?

(ii) Why does graphite have a hexagonal structure?

OR

(a) (i) The molecule of $XF_3$ has a dipole moment. Is "X" a boron or phosphorus? Give a reason.

(ii) What are the requirements for the formation of hydrogen bonds between covalent molecules?

(b) (i) Using the bond enthalpy values, calculate the enthalpy change for the combustion of methane shown by the equation,

$CH_4(g) + 2O_2(g) \longrightarrow CO_2\,(g) + 2H_2O(l)$

(E (C–H) = 410 $kJmol^{-1}$, E (O=O) = 496 $kJmol^{-1}$, E (C=O) = 805 $kJmol^{-1}$, E (O–H) = 456$kJmol^{-1}$)

(ii) State Hess's law.

(c) (i) What is the repeating unit of terylene?

(ii) How do you identify the amide functional group on the IR spectrum?

(iii) Primary amines are more soluble in water than secondary and tertiary amines. Why?

************************************

အထက်ပါမေးခွန်းပုံစံကို အမှတ်ပေးစည်းမျဉ်းနှင့် ကိုက်ညီအောင် ဖြေဆိုထားသော အဖြေများသာ ဖြစ်ပါတယ်။

**ANSWER**

## SECTION (A)

1. **Each 1 mark x 10** **(10 marks)**

(a) FALSE (b) TRUE (c) TRUE (d) FALSE (e) FALSE (f) TRUE (g) TRUE (h) TRUE (i) FALSE (j) TRUE

2. **Each 1 mark x 10** **(10 marks)**

(a) negative/minus/$\Delta H = -$ (b) bacteria (acetobacter) (c) lung cancer

(d) small/smaller than 1/less than 1/< 1/ « 1

(e) $dm^3\,s^{-1}$/$cm^3\,s^{-1}$/mol $s^{-1}$/atm $s^{-1}$/mmHg $s^{-1}$ (f) Weak van der Waals

(g) polyethene/polyethylene (h) $(n-1)\,d^{1-10}$ (i) strengths (j) brittle

3. **Each 1 mark x 10** **(10 marks)**

(a) A (b) C (c) C (d) B (e) C (f) D (g) C (h) A (i) D (j) D

## SECTION (B)

4. **Each 5 marks x 5** **(25 marks)**

(a) (i) Electron–deficient molecules can accept an electron pair from a molecule bearing a lone pair electron. e.g. $BeCl_2$, $BF_3$, $AlCl_3$

(ii) Types of chemical bonding depends on the types of elements (metals or nonmetals).

(iii) London dispersion forces can be found in all substances.

(b) (i) The brighter the light, the faster is the reaction. If the intensity of light (visible or ultraviolet) is greater, the more reactant molecules gain the required energy (activation energy) and the faster the reaction speed. (or)

$H_2(g) + Cl_2(g) \longrightarrow 2HCl(g)$ slow

$H_2(g) + Cl_2(g) \xrightarrow{h\nu} 2HCl(g)$ fast

(ii) Volume of $H_2O$ = 40 $cm^3$ = 40 g

$\Delta T = T_2 - T_1 = 20.5\,°C - 22.0\,°C = -1.5\,°C$

$c = 4.18\ J\,g^{-1}\,°C^{-1}$

$q = mc\Delta T = 40\ g \times 4.18\ J\,g^{-1} \times °C^{-1} \times (-1.5\,°C) = -250.8\ J$

Since $T_2 < T_1$, the energy is absorbed. The reaction is endothermic and ΔH is positive. (or) ΔH = + 250.8 J = + 251 J

(c) (i) $2A(aq) \longrightarrow 4B(aq) + C(aq)$

At t = 0, $[A]_0$ = 2.00 mol $dm^{-3}$, At t = 120, $[A]_t$ = 1.76 mol $dm^{-3}$

$\Delta[A] = [A]_t - [A]_0 = (1.76 - 2.00)\ mol\ dm^{-3} = -0.24\ mol\ dm^{-3}$

rate = $-\frac{1}{2} \times \frac{\Delta[A]}{\Delta t} = -\frac{1}{2} \times \left(\frac{-0.24\ mol\ dm^{-3}}{120\ s}\right) = 1.0 \times 10^{-3}\ mol\ dm^{-3}\ s^{-1}$

(ii) (A) Heterogeneous because the reactants and products of chemical equilibrium are present in more than one phase.

(B) Homogeneous because the reactants and products of chemical equilibrium are all in a single phase.

(d) (i) PETE/PET = polyethene/polyethylene terephthalate

HDPE = high density polyethylene/polyethene

PP = polypropylene/polypropene

(ii) Biodegradable plastics are made from monomers derived directly from plant materials, polylactic (PLA).

(iii) Corrosive hydrogen chloride gas/HCl gas is produced during the combustion of PVC.

(e) (i) From fertilizer runoff and from sewage cause excessive growth of algae.

(ii) Green technology is an environmentally friendly technology that builds products and systems to conserve natural resources and the environment.

(iii) Persistent organic pollutants are chemically stable, remain intact in the environment for long periods and are lipophilic in nature. Therefore, they accumulate in the fatty tissue of living organisms and reside for a longer period of time finally affecting humans and wildlife.

OR

(e) (i) The fissile heavy atoms are $^{233}U$, $^{235}U$, $^{239}Pu$.

(ii) Caesium–137 is used as a tracer in medical radiation therapy devices for treating cancer, and in industrial gauges that detect the flow of liquid through pipes.

(iii) The advantages of using plant-based insecticidal soap in that they leave no nasty residue, are non–toxic to animals and birds, and do not harm beneficial insects.

5. **Each 5 marks x 3** **(15 marks)**

(a) (i) The divalent ions of $Co^{2+}$, $Ni^{2+}$, $Cu^{2+}$ and $Zn^{2+}$ are poor reducing agents because of their greater nuclear attraction force.


(ii) Substances that are attracted very strongly by the applied magnetic field. e.g. iron, cobalt, and nickel

(iii) Vanadium is used for the Contact process


(b) (i) Infrared spectroscopy/IR spectroscopy is used to identify the functional groups of organic compounds.

(ii) Fehling's solution is an alkaline solution containing copper(II) ions. When the clear blue Fehling's solution is warmed with an aldehyde, the reddish–brown precipitate is formed. However, a ketone does not give precipitate with Fehling's solution.

(iii)




(c) (i)




(or)

The acid–base conjugate pairs are (1) $H_2O$ (acid) and $OH^-$ (base) and (2) $H_3O^+$ (acid) and $H_2O$ (base).

(ii) $[H^+] = 1.2 \times 10^{-4}\ mol\ dm^{-3}$ $[H^+][OH^-] = 1.0 \times 10^{-14}$

$[OH^-] = \frac{1.0 \times 10^{-14}}{[H^+]} = \frac{1.0 \times 10^{-14}}{1.2 \times 10^{-4}} = 8.33 \times 10^{-11}\ mol\ dm^{-3}$

$pH = -\log[H^+] = -\log(1.2 \times 10^{-4}) = 3.921$

The solution is acidic.

OR

(c) (i) The corresponding conjugate acids are $NH_3$, $NH_4^+$, and $CH_3COOH$.

(ii) $HCOONa(aq) \longrightarrow Na^+(aq) + HCOO^-(aq)$

$HCOOH(aq) \rightleftharpoons H^+(aq) + HCOO^-(aq)$

$[HCOOH] = 0.10\ mol\ dm^{-3}$

$[HCOONa] = [HCOO^-] = 0.01\ mol\ dm^{-3}$

$K_a = \frac{[H^+][HCOO^-]}{[HCOOH]}$ $-\log K_a = -\log[H^+] - \log\frac{[HCOO^-]}{[HCOOH]}$

$pK_a = pH - \log\frac{[0.01]}{[0.10]}$ $pH = pK_a + \log\frac{[0.01]}{[0.10]} = 3.8 - 1 = 2.8$


6. **Each 5 marks x 3** **(15 marks)**

(a) (i) Secondary alcohol can be used to prepare propanone.


$$\underset{\text{2-propanol}}{CH_3CHOHCH_3} + [O] \xrightarrow{K_2Cr_2O_7,\ H^+} \underset{\text{propanone}}{CH_3COCH_3} + H_2O$$

- **Acetone** is used as an effective solvent in many (nail polish removers, plastic cements), (resins and varnishes).

(ii) (A)




(B)




OR

(ဆက်လက်ဖော်ပြပါမည်)

# အာကာသပြင်ပ ဒေတာစင်တာများတည်ဆောက်ရန် xAI ကို အသုံးပြုသွားမည်ဟု SpaceX စီအီးအို အီလွန်မာ့ခ် ပြော




**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

X လူမှုမီဒီယာပလက်ဖောင်းကို လည်ပတ်လုပ်ကိုင်လျက်ရှိသော ဉာဏ်ရည်တု ကုမ္ပဏီ xAI ကို ရယူအသုံးပြုသွားမည်ဖြစ်ကြောင်း SpaceX အမှုဆောင်အရာရှိချုပ် အီလွန်မာ့ခ်က ပြောကြားလိုက်သည်။ အဆိုပါလုပ်ဆောင်မှုသည် အာကာသအတွင်း ဒေတာစင်တာများ တည်ဆောက်မည့်အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကုမ္ပဏီနှစ်ခုစလုံးကို မာ့ခ်က ဦးဆောင်လျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ AI ဝန်ဆောင်မှုများအတွက် လိုအပ်သော ကြီးမားသည့် လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုကို ကမ္ဘာကြီးတစ်ခုတည်းက ရေရှည်ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်း မာ့ခ်က ဖေဖော်ဝါရီ ၂ ရက်က ပြောကြားလိုက်သည်။

အာကာသသည် အနာဂတ် AI စနစ်များအတွက် နေစွမ်းအင်ကို စွမ်းအင်ပတ်လမ်းဆိုင်ရာ ဒေတာစင်တာများသို့ ပို့ဆောင်ရာတွင် အခွင့်အလမ်းကောင်းများဖန်တီးပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဒေတာစင်တာများအတွက် ဂြိုဟ်တုများ လွှတ်တင်ရာတွင် ကိုယ်ပိုင်ဒုံးပျံများကို အသုံးပြုသွားမည်ဖြစ်ကြောင်း SpaceX ကပြောသည်။

အဆိုပါအစီအစဉ်ကို ယခုနှစ်ကုန်တွင် လူထုထံသို့ အသိပေးသွားရန် SpaceX က စီစဉ်ထားကြောင်းနှင့် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ထရီလီယံရှိမည်ဟု အမေရိကန်မီဒီယာဖြစ်သည့် ဘလွန်းဘာ့ဂ်က ဖော်ပြထားသည်။ ထို့အတူ EV ကားထုတ်လုပ်ရေး ကုမ္ပဏီတက်စ်လာနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း ဆွေးနွေးတိုင်ပင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာတစ်ဝန်းလုံးတွင် ကင်ဆာရောဂါပေါင်း ၄၀ ရာခိုင်နှုန်းအထိ ကုသနိုင်ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ ဖေဖော်ဝါရီ ၄**

ကမ္ဘာတစ်ဝန်းလုံးရှိ ကင်ဆာရောဂါပေါင်း ၄၀ ရာခိုင်နှုန်းအထိ ကုသနိုင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဖေဖော်ဝါရီ ၃ ရက်က ပြောကြားလိုက်သည်။

ကမ္ဘာ့ကင်ဆာနေ့အကြို ဂျီနီဗာနှင့် လိုင်ယွန်တို့မှ ထုတ်ပြန်သော ပူးတွဲသတင်းထုတ်ပြန်ချက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကောက်ချက်ချမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ၎င်း၏ နိုင်ငံတကာကင်ဆာသုတေသနအေဂျင်စီမှ ပြုလုပ်သော ကမ္ဘာလုံးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုအသစ်အပေါ် အခြေခံထားခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

လေ့လာမှုတွင် ဆေးလိပ်နှင့် အရက်သောက်သုံးမှု၊ ဘီအမ်အိုင်အညွှန်းကိန်းမြင့်မားမှု၊ ကိုယ်လက်လှုပ်ရှားမရှိမှု၊ လေထုညစ်ညမ်းမှု၊ ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုနှင့် ပထမဆုံးအကြိမ်အဖြစ် ကင်ဆာဖြစ်ပွားစေသောရောဂါပိုး ကိုးခုအပါအဝင် ကင်ဆာရောဂါကို ကာကွယ်နိုင်သော အန္တရာယ်ဖြစ်စေနိုင်သည့် အချက် ၃၀ ကို လေ့လာစစ်ဆေးခဲ့ခြင်းဖြစ်သည်။

လေ့လာဆန်းစစ်မှုများက ၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကင်ဆာရောဂါအသစ် ၃၇ ရာခိုင်နှုန်း၊ ၇ ဒသမ ၁ သန်းခန့်သည် ကြိုတင်ကာကွယ်နိုင်သော အခြေအနေများနှင့် ဆက်စပ်လျက်ရှိကြောင်း ဖော်ပြခဲ့သည်။ ထိုသို့တွေ့ရှိခဲ့သဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားနေသော ကင်ဆာရောဂါ ဝန်ထုပ်ဝန်ပိုးကြီးကို လျှော့ချနိုင်တော့မည်ဖြစ်သည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ ၂၀၁၂ ခုနှစ်နောက်ပိုင်း တောဆင်ရိုင်းတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၂၀၀ ကျော်ရှိလာ

**ဘန်ကောက် ဖေဖော်ဝါရီ ၄**

ထိုင်းနိုင်ငံအလယ်ပိုင်း အမျိုးသားဥယျာဉ်တစ်ခုတွင် ဆင်တစ်ကောင်၏တိုက်ခိုက်မှုကြောင့် စခန်းချအနားယူနေသူ တစ်ဦးသေဆုံးမှုဖြစ်ပွားကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါ ဆင်တိုက်ခိုက်မှုကြောင့် သေဆုံးသူပေါင်း သုံးဦးအထိ ရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။




ဓာတ်ပုံ – The Nation

အဆိုပါဖြစ်စဉ်မှာ ခေါင်ယိုင်အမျိုးသားဥယျာဉ်ရှိ စခန်းချနားနေရာတစ်ခုတွင် ဖေဖော်ဝါရီ ၂ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဥယျာဉ်အာဏာပိုင်များက ပြောသည်။ သေဆုံးသူမှာ အသက် ၆၀ အရွယ် ထိုင်းအမျိုးသားဖြစ်ပြီး ၎င်း၏ ရွက်ဖျင်တဲအနီးတွင် လေ့ကျင့်ခန်းပြုလုပ်နေစဉ် တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်သည်။

ကမ္ဘာ့အမွေအနှစ် စာရင်းဝင် အဆိုပါ ဥယျာဉ်သည် တောရိုင်းတိရစ္ဆာန်မျိုးစုံ ပေါကြွယ်ဝခြင်းကြောင့် လူသိများကြောင်း၊ ထိုင်းနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းမှ ခရီးသွားများကို ဆွဲဆောင်ရာ နေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

တောဆင်ရိုင်း များသည် ခြောက်သွေ့ရာသီအတွင်း အစားအစာနှင့် ရေရှာဖွေရင်း လူထုအသိုင်းအဝိုင်းနှင့် ကမ္ဘာလှည့်ခရီးသွားများရှိရာသို့ ပိုမိုနီးကပ်စွာ ရောက်လာလေ့ရှိကြောင်း ဥယျာဉ်တာဝန်ရှိသူများက သတိပေး ပြောကြားသည်။

ထိုင်းနိုင်ငံ အမျိုးသားပန်းခြံများဆိုင်ရာဌာနက ၂၀၁၂ ခုနှစ်နောက်ပိုင်း တောဆင်ရိုင်းများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူပေါင်း ၂၀၀ ကျော် ရှိလာပြီဟု ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ ဆယ်စုနှစ်များစွာကြာ လုပ်ဆောင်ပြီးနောက်တွင် ဆင်ကောင်ရေ တိုးပွားလာလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

## ဟူသီထိန်းချုပ် ဆာနားမြို့သို့ ကုလလူသားချင်းစာနာမှုဆိုင်ရာ လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်

**ဆာနား ဖေဖော်ဝါရီ ၄**

ကုလသမဂ္ဂက ယီမင်နိုင်ငံ ဆာနားမြို့သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေယာဉ်များ ပြေးဆွဲမှုကို ဖေဖော်ဝါရီလအတွင်း




ဓာတ်ပုံ – Getty

မှစတင်၍ ပြန်လည်ပြုလုပ်သွားမည်ဟု ဖေဖော်ဝါရီ ၄ ရက်တွင် ပြောသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လေယာဉ်ပြေးဆွဲမှုကို တစ်လကြာ ရပ်နားထားပြီးနောက် ဟူသီတို့၏ ခွင့်ပြုချက်ဖြင့် ယခုလို ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ဆာနားမြို့များသို့ ဝင်ထွက်ခွင့်ပြုခြင်းဖြစ်သည်ဟု ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူး ဂျူလီယန် ဟာနစ်ကပြောသည်။ ဟူသီတို့ ထိန်းချုပ်မှုအောက်ရှိ သန်းနှင့်ချီသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ ပေးနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော ခွင့်ပြုမှုလည်းဖြစ်သည်။

ယီမင်နိုင်ငံသည် ဆယ်စုနှစ်တစ်စုကြာ ပြည်တွင်းပဋိပက္ခကြောင့် ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ ၂၀၁၄ ခုနှစ်က ဟူသီများသည် မြို့တော် ဆာနားကို သိမ်းပိုက်ခဲ့ပြီး အေဒင်အခြေစိုက် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် အစိုးရနှင့် ကာလရှည်ကြာ တိုက်ပွဲများ ဖြစ်ပေါ်ခဲ့သည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### ဂျပန်နိုင်ငံ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် သေဆုံးသူ ၃၅ ဦးရှိ

ဇန်နဝါရီ ၂၀ ရက်မှစတင်၍ ဂျပန်နိုင်ငံတစ်ဝန်း ဆီးနှင်းထူထပ်စွာကျဆင်းမှုကြောင့် ၃၅ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၃၅၈ ဦး ခန့်ရှိသည်ဟု မီးသတ်နှင့်သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောသည်။ ဂျပန်ကမ်းရိုးတန်းရှိ နီအီဂါတာခရိုင်သည် ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် အထိခိုက်ဆုံးနေရာဖြစ်ပြီး ဖေဖော်ဝါရီ ၄ရက်အထိ သေဆုံးသူ ၁၂ ဦးရှိသည်။ **ဆင်ဟွာ**

### တောင်ဆူဒန်၌ ကလေးငယ် လေးသိန်းကျော် အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရ

တောင်ဆူဒန်နိုင်ငံ ဂျောင်လီပြည်နယ်၌ ပဋိပက္ခဖြစ်ပွားမှုများ မြင့်တက်လာသောကြောင့် ယခုနှစ်အစပိုင်းမှစတင်ကာ ကလေးသူငယ် ၄၅၀၀၀၀ ကျော် ဆိုးရွားပြင်းထန်သော အာဟာရချို့တဲ့မှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရပြီး ရန်လိုမှုများကြောင့် အရေးကြီးသော ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများ ရပ်တန့်သွားခဲ့ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကျန်းမာရေးဆိုင်ရာဌာန ၁၇ ခု ပိတ်ထားရပြီး ၎င်းနှင့်ဆက်စပ်သော အာဟာရဆိုင်ရာ ဝန်ဆောင်မှုများမှာလည်း ရပ်တန့်သွားခဲ့ကြောင်း ယူနီဆက်ဖ်က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

### တူကီယဲနိုင်ငံ၌ ငွေကြေးဖောင်းပွမှု မြင့်တက်

တူကီယဲနိုင်ငံ၏ လစဉ်ငွေကြေးဖောင်းပွမှုသည် ဇန်နဝါရီလတွင် မြင့်တက်လာခဲ့သည်။ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် ၃၀ ရာခိုင်နှုန်းအထက်တွင်ရပ်တည်လျက်ရှိသည်ဟု ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်လိုက်သော တရားဝင်စာရင်းများအရ သိရသည်။ ဇန်နဝါရီလတွင် စားသုံးသူဈေးနှုန်းများသည် လစဉ်အခြေခံ ရာခိုင်နှုန်းတစ်ခုပေါ်တွင် မူတည်ပြီး ၄ ဒသမ ၈၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ခန့်မှန်းထားသည်ထက် ပိုမိုမြန်ဆန်စွာ မြင့်တက်ခဲ့သည်ဟု တူကီယဲ စာရင်းအင်းအင်စတီကျု (တာ့ခ်စတာ့တ်) က ဖော်ပြခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် ဒီဇင်ဘာလတွင်ဖြစ်ပေါ်ခဲ့သော ၃၀ ဒသမ ၈၉ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ဇန်နဝါရီလတွင် ၃၀ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့် အနည်းငယ် လျော့နည်းခဲ့သည်။ **ဆင်ဟွာ**

### လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏သား သေဆုံး

လစ်ဗျားနိုင်ငံ အနောက်တောင်ပိုင်း အယ်လ်ဟာမာဒါဒေသ ပစ်ခတ်တိုက်ခိုက်မှုအတွင်း လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏သား ဆေ့ဖ်အယ်လ်အစ္စလာမ် သေဆုံးခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက ဖေဖော်ဝါရီ ၃ ရက်တွင် ဖော်ပြခဲ့သည်။ လစ်ဗျားခေါင်းဆောင်ဟောင်း၏ ဒုတိယသားဖြစ်သူ ဆေ့ဖ်အယ်လ်အစ္စလာမ်သည် ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ကျောထောက်နောက်ခံပြုထားသည့် အုံကြွမှုတစ်ခုအတွင်း ၎င်းဖခင်၏ အုပ်ချုပ်မှုပြိုလဲပြီးကတည်းက ထင်ရှားသည့် နိုင်ငံရေးသမားတစ်ဦးအဖြစ် ဆက်လက်တည်ရှိနေခဲ့သည်။ **ဆင်ဟွာ**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့
# (သယံဇာတရေးရာဝန်ကြီးဌာန)
# ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျပ်သန်း (၂၀၀) အထက် စည်ပင်သာယာရေးလုပ်ငန်း Lot (၄) ခုအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | Lot အမည် | မြို့အမည် | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|---|---|
| ၁ | Lot-1 | စစ်တွေ | စိုက်ပျိုးရေးမျိုးသန့်ခြံမှ ကန်တော်ကြီးသို့ ဆိုလာစနစ်ဖြင့်ရေအကူ ဖြည့်တင်းရန် ဆိုလာတပ်ဆင်ခြင်း | (ဆိုလာတပ်ဆင်ခြင်း) Number of panels series-B Nos၊ Number of strings in Parallel-5 Nos ၊ Total Number of Panel Modules-40 Nos ၊ Solar PV Modules-550 W Jinko၊ Solar Hybrid Inverter-12KW (ရေတင်စက် တပ်ဆင်ခြင်း) (Number of Motors-2 Nos၊ Power Capacity-6.4Kw(8KVA)၊ Rate current - 22A(Hybrid inverter)၊ MPPT voltage (VDC)-486 to 770) |
| ၂ | Lot-2 | စစ်တွေ | စိုက်ပျိုးရေး မျိုးသန့်ခြံရှိ အဝီစိတွင်း(၉)တွင်းမှ ရေကို ရေစုကန်သို့ ဖြည့်တင်းရန် (ဆိုလာ+ ဆိုလာအင်ဗာတာ+ ရေပန့်)တပ်ဆင်ခြင်း လုပ်ငန်း | (၉)တွင်း |
| ၃ | Lot-3 | မာန်အောင် | မာန်အောင်မြို့၊ ယာယီပျံကျငါးဈေးတန်း ဆောက်လုပ်ခြင်း Steel Structure၊ ကွန်ကရစ်ခုံ၊ သွပ်မိုး | (၁၄၅'x၄၄'x၁၁'၈") |
| ၄ | Lot-4 | မာန်အောင် | မာန်အောင်မြို့၊ ယာယီ ပျံကျဟင်းဈေးတန်း ဆောက်လုပ်ခြင်း Steel Structure ကွန်ကရစ်ခုံ၊ သွပ်မိုး | (၁၅၈'x၄၄'x၁၁'၈") |

၂။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စစ်တွေမြို့ဖြစ်ပြီး တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့်စည်းကမ်းများကို (၅-၂-၂၀၂၆) ရက်နေ့မှ (၁၈-၂-၂၀၂၆) ရက် ညနေ (၁၆:၀၀) အချိန်အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများအား (၁၉-၂-၂၀၂၆) ရက်မှ (၂၅-၂-၂၀၂၆) ရက် ညနေ (၁၆:၀၀) နာရီအချိန် နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၅။ တင်ဒါဖွင့်လှစ်မည့်ရက်အား အသိပေးအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)ကျောင်း Grade-5(C)မှ မောင်ပြည့်စုံကောင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း (၁၄/ဟသတ(နိုင်)၀၃၇၇၂၅) ဖြစ်ပါကြောင်း။

**ဦးနေဝင်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8816 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ (၂) ရပ်ကွက်၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်အမှတ်(၄၁၂)၊ မြေဧရိယာ (၀.၀၆၂) ဧကရှိ မြေအား ဒေါ်ခင်အေးမော်၊ ဒေါ်ခင်သီတာဝင်း၊ ဒေါ်မြမြခိုင် (ဦးတင်ထွဋ်၊ ကွယ်လွန်၏ညီမ) မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ (၅) ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၇)၊ မြေကွက်အမှတ် (၁၁၁၅)၊ မြေဧရိယာ (၀.၀၆၂) ဧကရှိမြေ အား ဒေါ်ခိုင်မီမီချို (ကွယ်လွန်သူ ဦးခိုင်ဝင်း၏သမီး)မှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန် ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပဲခူးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ခြောက်ပင်မှ အလယ်တန်းကျောင်းအုပ် ဦးရန်နိုင်စိုး ၈/ဆဖန(နိုင်)၀၅၅၆၀၆ ၏ ဖခင် နိုင်ငံသားစိစစ်ရေး ကဒ်ပြားအမှတ် SPU 016900 ကိုင်ဆောင်သူ ဦးကြီးညို့နှင့် ဦးလှဆောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကြီးညို (ခ) ဦးလှဆောင်**

## ဖခင်အမည်မှန်

ကျောက်ကြီးမြို့၊အ.ထ.ကကျောင်း Grade -10-C တွင် တက်ရောက်ပညာသင်ကြားနေသော နော်လားဆဲ့ဖေါ ၏ ဖခင်အမည်မှန်မှာ စောရှာမူးသော ၇/ကကန(နိုင်) ၀၆၆၅၄၈ ဖြစ်ပါကြောင်း။

**စောရှာမူးသော**

## ဖခင်အမည်မှန်

ကျောက်ကြီးမြို့၊အ.ထ.ကကျောင်း Grade -11-A တွင် တက်ရောက်ပညာသင်ကြားနေသော မမေမြတ်ဖူးပိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကို ၇/ကကန(နိုင်)၀၇၉၁၇၅ ဖြစ်ပါကြောင်း။

**ဦးဝင်းကို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ် (၄၈)၊ မြို့သစ်(၄)လမ်း၊ ၁၂ရပ်ကွက် အ.ထ.က (၃ ) အခြေခံပညာ အထက်တန်းကျောင်း G( 3) နေ(ဘ) ဦးနိုင်ဝင်း၏ သမီးဖြစ်သူ မလဝန်းချို(ခ)မရွှေရေးခြယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မလဝန်းချို( ခ)မရွှေရေးခြယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/93295, SHyan 125 ယာဉ်လက်ဝယ်ရှိသူ ဦးဗဟာဒူး (၁၃/နစန(နိုင်)၀၇၅၃၃၇) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/67165, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်အီဖောင်း (၁၃/တခလ(နိုင်)၀၁၁၉၁၃)က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၄၁၇)၊ ဦးပိုင်အမှတ် (၄၃-ဆ/၁)၊ ၆၀xမြို့ပတ်လမ်းကြား၊ ၁၉ x စက်မှုလက်မှုသင်တန်းကျောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီလီမြင့် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၆၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးသန္တာအောင် ၃/ကဆက(နိုင်)၀၁၂၂၆၅ က အမှုတွဲအမှတ် (၅၀၅၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၆၂)၊ ဦးပိုင်အမှတ် (၂၈)၊ ၈၆x၈၇ ကြား၊ ၁၆x၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှလှဦး၊ ဦးအောင်ဆန်းဦး၊ ဒေါ်ကြည်ကြည်စိုးတို့၏ ( (GP ရရှိသူ ဒေါ်မြသီတာခိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၆၄၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြသီတာထွေး ၉/မနမ(နိုင်)၁၁၇၆၂၄က အမှုတွဲအမှတ် (၅၀၄၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ် (၁၂)၊ ဦးပိုင်အမှတ် (၅-ခ+၆-က+၃-ဃ) အတွင်းမှ (၅-ခ+၆-က+၃-ဃ) ခဲစင်း၊ ၁၁x၁၂ လမ်းကြား၊ ၈၈x၈၉ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်ရင်မာ ၉/မရတ(နိုင်)၀၃၉၀၁၁က အမှုတွဲအမှတ် (၅၀၄၉/၂၀၂၅-၂၀၂၆) ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

